မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၄ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၁၉ ရက်၊ စနေနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၂၆)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း နမ့်ပေါင်-နမ္မချောင်းကူးတံတားနှင့် လျှပ်စစ်စက်ရုံဖွင့်ပွဲတက်ရောက်
သီပေါမြို့နယ်ရှိ ကျေးရွာပေါင်းခုနစ်ရွာနှင့် အနီးဝန်းကျင်ကျေးရွာများ ရာသီမရွေးသွားလာနိုင်
ဒေသခံပြည်သူများ ဒေသဖွံ့ဖြိုးတိုးတက်ရေး တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်မှု အားရကျေနပ်

နေပြည်တော် မေ ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မေ ၁၆ ရက် နံနက် ၉ နာရီက လားရှိုးမြို့ လားရှိုး-မူဆယ်ကားလမ်းဘေးရှိ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်ယာမြေ(၁)၌ ကျင်းပသည့် လားရှိုးတပ်နယ် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

တက်ရောက်

အဆိုပါ ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲအခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမှူး၏ဇနီး ဒေါ်ချယ်ရီ၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် ဇနီး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်၊ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ လားရှိုးတပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၅၀၀၀ ခန့်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်တို့မှ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာများအား ခြံစည်းရိုးကြက်ဆူပင်များကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် တိုင်းမှူးတို့က ခြံစည်းရိုး ကြက်ဆူပင်များကို စတင် စိုက်ပျိုးပေးပြီး တပ်နယ်စိုက်ကွင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✡

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း နှင်းနှင်းခိုင်ကုမ္ပဏီ အဆင့်မြင့် ဇီဝဒီဇယ်ဆီထုတ်စက်ရုံ၏ စက်လည်ပတ်မှု အဆင့်ဆင့်နှင့် ဇီဝဒီဇယ်ထုတ်လုပ်မှု နည်းစဉ်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

ဆောင်းပါး

အညွှန်း

အမျိုးသား ညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးရေး

တပ်မတော်သည် အမှန်တကယ်စုစည်းညီညွတ်စွာ နိုင်ငံတော်တွင် နိုင်ငံ့အရေးကိစ္စပေါ်လာသမျှကို ပြည်သူ့ရှေ့မှ မားမားမတ်မတ်ရပ်တည်ပြီး တာဝန်ယူဖြေရှင်းပေးနိုင်သည့် အင်အားစုကြီးတစ်ရပ်ဖြစ်သည်ကို မည်သူမျှ ငြင်းနိုင်မည် မဟုတ်ပါ။

တပ်မတော်သည် မြန်မာ့လူ့အဖွဲ့အစည်းတွင် အမှန်တကယ် တည်ရှိသော အမျိုးသားနိုင်ငံရေး အင်အားစုကြီး ဖြစ်သည်။

ရှစ်လေးလုံး ဆူပူအကြမ်းဖက်မှု အရေးအခင်းလို ပြည်တွင်းရေး ပြဿနာကို ညင်သာချောမွေ့စွာ ဖြေရှင်းပေး နိုင်ခဲ့သည်မှာ တပ်မတော်သာ ဖြစ်ပါသည်။

ရဲဘော်တင်ရွှေ၏ ဆောင်းပါး (စာ-၄)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မေလ ၁၉ ရက်)

ခြံစည်းရိုးကြက်ဆူပင် တိုးချဲ့စိုက်ပျိုးရေး တိုင်းရင်းသားပြည်သူအားလုံး ပါဝင်ကြိုးပမ်း

နိုင်ငံတော်အစိုးရသည် အနာဂတ်တွင်ဖြစ်ပေါ်လာနိုင်သည့် စက်သုံးဆီ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် ခြံစည်းရိုးကြက်ဆူပင်ကို အမျိုးသားရေးတာဝန်အဖြစ် အစီအမံများချမှတ် စိုက်ပျိုးလျက် ရှိသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ သုံးနှစ်အတွင်း ခြံစည်းရိုးကြက်ဆူပင် ဧကငါးသိန်း စိုက်ပျိုးရန် လျာထားစိုက်ပျိုးလျက် ရှိသည်။ နောင်ချိုမြို့နယ်နှင့် သီပေါမြို့နယ်တို့၌ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲကို မေလ ၁၅ ရက်နေ့က ကျင်းပခဲ့သည်။

နောင်ချိုမြို့နယ်တွင် ၂၀၀၇ ခုနှစ်အတွက် ခြံစည်းရိုးကြက်ဆူဧက ၉၅၀၀ စိုက်ပျိုးရန် လျာထားရာ ၅၆၄၆ ဧက စိုက်ပျိုးပြီး ဖြစ်သည်။ ကျန်ဧကများအတွက် မျိုးစေ့ ၂၂၇ တင်း၊ အပင်ပေါင်းသုံးသိန်းနှင့် ပျိုးကိုင်းခြောက်သိန်းသုံးသောင်း ပြုစုပျိုးထောင်ထားလျက်ရှိသည်။

သီပေါမြို့နယ်တွင်လည်း ခြံစည်းရိုးကြက်ဆူစိုက်ပျိုးရန် ဧက ၁၁၅၀၀ လျာထားရာ ၃၈၄၉ ဧကအတွက် မျိုးစေ့များစုဆောင်းထားရှိပြီး ၂၃၄ ဧကအတွက် ကိုင်းများ ပျိုးထောင်ထားရှိပြီးဖြစ်သည်။ ကျောက်မဲမြို့နယ်၌ ခြံစည်းရိုးကြက်ဆူ ဧက ၉၀၀၀ စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ ၃၅၄၃ ဧကကျော် စိုက်ပျိုးထားပြီး ဖြစ်သည်။

ဇီဝလောင်စာ အစားထိုး ခြံစည်းရိုးကြက်ဆူပင်များကို နိုင်ငံတစ်ဝန်းတွင် တိုးချဲ့စိုက်ပျိုးနိုင်သည်နှင့်အမျှ နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ရာ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များနှင့် တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးတာဝန်အဖြစ် ပါဝင်ကြိုးပမ်း စိုက်ပျိုးသွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်မြို့ ဝေနေယျသုခ ရေချမ်းစင်အသင်း (၁၀၂) နှစ်ပြည့် အထိမ်းအမှတ် အဖြစ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က အသင်းသူ၊ အသင်းသားများကောင်းမှု ဒဂုံမြို့နယ်၊ အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ် ကျောင်းတော်ကြီး အတွက် အလှူငွေကျပ် ငါးသိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မူးယစ်ဆေးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တိုင်းအဆင့် ကာတွန်း၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲကျင်းပ

ရန်ကုန် မေ ၁၈

ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၀၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တိုင်းအဆင့်ကာတွန်း၊ ပန်းချီနှင့်ပိုစတာပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲ၂နာရီက လသာမြို့နယ်အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းရှိ မြညီလာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း တက်ရောက် အားပေးကြည့်ရှုသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်လှရွှေဝင်းသည် လသာမြို့နယ်အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမြညီလာခန်းမ၌ **“မူးယစ်ကိုပစ် ပန်းတိုင်သစ်၊ စိတ်သစ်လူသစ်ဘဝသစ်၊ အမှိုက်ကစ ပြဿဒ်မီးလောင်၊ မူးယစ်ဆေးကိုဝေးဝေးရှောင်၊ မူးယစ်ကင်းစင် ကျန်းမာမှ တန်ဖိုးရှိလှ လူငယ်ဘဝ”**ဟူသော ခေါင်းစဉ်များဖြင့် အသက်၁၀နှစ်အောက်၊ အသက်၁၀-၁၅နှစ်၊ အသက်၁၅-၂၀နှင့် အသက်၂၀အထက် အလွတ်တန်း ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ (ဓါတ်ပုံ)

ပါဝင်ယှဉ်ပြိုင်

တိုင်းအဆင့် ကာတွန်းပြိုင်ပွဲသို့ ၈၄ ဦး၊ ပန်းချီပြိုင်ပွဲသို့ ၇၃ဦး၊ ပိုစတာပြိုင်ပွဲသို့ ၇၉ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ကွန်ပျူတာပြိုင်ပွဲ

အလားတူ ကွန်ပျူတာပြိုင်ပွဲသို့ အလယ်တန်းအဆင့် ခြောက်ဦး၊အထက်တန်းအဆင့်၁၃ဦး စုစုပေါင်း၁၉ဦးဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၉-၅-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၂:၂၅ ၅။ ကျန်းမာသုတ
- ၁၂:၃၀ ၆။ ရုပ်မြင်သံကြားဇာတ်လမ်း **“ကြည်ပြာရောင်နဂ္ဂတစ်များ”** သရုပ်ဆောင် လွင်မိုး၊ ထွန်းအိန္ဒြာဗို။ ဒါရိုက်တာ-မောင်မျိုးမင်း
- ၁၃:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၄:၃၅ ၄။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၅:၃၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၇။ နိုင်ငံတကာသတင်း
- ၆:၂၅ ၈။ မိုးလေဝသသတင်း
- ၆:၃၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၀။ လျှပ်တစ်ပြက်
- ၆:၄၅ ၁၁။ အံ့ဩဖွယ်ရာဆပ်ကပ်ပညာ
- ၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဤမှန်သော သစ္စာတရားကြောင့်** (အပိုင်း-၁)
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၁၆။ FA CUP (Final) ဘောလုံးပွဲ Chelsea Vs Manchester United (Live)

ငွေကျပ် ၁၀၀တန် ထီဖွင့်ပွဲကျင်းပမည်

ရန်ကုန် မေ ၁၈

(၂၂၁)ကြိမ်မြောက် ငွေကျပ်၁၀၀တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲကို ဇွန်၁ရက်နံနက်၈နာရီမှစတင်၍ညနေ၄နာရီအထိတစ်ရက်တည်း အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ ထီဖွင့်ပွဲတွင် ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ် သိန်း၅၀၀ တစ်ဆု၊ ငွေကျပ် သိန်း၃၀၀ နှစ်ဆု၊ ငွေကျပ် သိန်း၂၀၀လေးဆု၊ ငွေကျပ် သိန်း၁၀၀ ၃၁ဆု၊ ငွေကျပ်၁၀သိန်း ၄၆၄ဆု၊ ငွေကျပ် ငါးသိန်း ဆု၂၀၊ ငွေကျပ်လေးသိန်း၂၅ဆု၊ငွေကျပ်နှစ်သိန်း ၁၈၅ဆု၊ ငွေကျပ် တစ်သိန်း ဆု၁၄၄၀၊ ငွေကျပ် ရှစ်သောင်း ၆၃ဆု၊ ငွေကျပ် လေးသောင်း ဆု၁၀၀၊ ငွေကျပ် နှစ်သောင်း ၁၄၉၃၄ဆု စုစုပေါင်း ၁၇၂၆၉ဆု ဖြစ်သည်။

လာရောက်ထုတ်ယူနိုင်

ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို ဇွန်၇ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည် ဖြစ်ကြောင်းနှင့် ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေ သိန်းဆုဌာနခွဲ ရုံးများ၌ လျှောက်ထားတင်ပြပြီး လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြို့ရွာတစ်ခွင်

သာစေချင်

မီးတွင်မပေါ့နှင့်

နမ့်ပေါင်-နမ္မ ချောင်းကူး ကွန်ကရစ်တံတားပေါ်မှ ဖြတ်သန်းကြည့်ရှု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များ လားရှိုးမြို့နယ်နှင့် သီပေါ မြို့နယ်အကြားရှိ နမ့်ပေါင်-နမ္မ ချောင်းကူး ကွန်ကရစ်တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် ဓမ္မာစရိယသင်တန်း ဖွင့်လှစ်ပို့ချမည်

ရန်ကုန် မေ ၁၈

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ် ၆၁ ရပ်ကွက် စစ်တောင်းလမ်းနှင့် ရတနာလမ်းထောင့်ရှိ အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်၌ ဝါကျူဥယျာဉ်ကျမ်းပြုဆရာတော် ဘဒ္ဒန္တ သုစိတ္တာဘိဝံသ အရှင်သူမြတ်က ၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၉ ရက် (မေ ၂၄ ရက်) မှ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက် (ဇူလိုင် ၁၃ ရက်) အထိ ဓမ္မာစရိယသင်တန်း ဖွင့်လှစ်ပို့ချမည်ဟု သိရသည်။ (က-ပ)

✡ ရှေ့ဖုံးမှ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ခြံစည်းရိုးကြက်ဆူပင်များ ယခုထက် ပိုမိုဖြစ်ထွန်းအောင်မြင်ရေးအတွက် လိုအပ်သော မြေဩဇာကျွေးမွေးမှုများ၊ ပေါင်းသင်ရှင်းလင်းမှုများ ဆက်လက်ဆောင်ရွက်သွားကြရေး မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား စားသောက်ဖွယ်ရာများ လက်ဆောင်ပေးအပ်သည်။

လားရှိုးတပ်နယ် တပ်ရင်းတပ်ဖွဲ့များအနေဖြင့် ၂၀၀၆-၂၀၀၇ ခုနှစ် ကြက်ဆူစိုက်ပျိုးရေးရာသီတွင် ၂၇၈၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် ၂၀၀၇-၂၀၀၈ ခုနှစ် ကြက်ဆူစိုက်ပျိုးရေးရာသီတွင် ဧက ၁၂၀၀ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လားရှိုး-မူဆယ် ကားလမ်းနံဘေးရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ နည်းပညာတက္ကသိုလ်သို့ ရောက်ရှိကြရာ ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာ ခင်ထိုက်ထိုက်လွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တည်ဆောက်ပြီးစီးသွားသော နည်းပညာတက္ကသိုလ် အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ ကျောင်းအဆောက်အအုံနှင့် လိုက်ဖက်ညီသော သင်ကြားမှုအထောက်အကူပစ္စည်းများ ပြည့်စုံအောင် ကြိုးပမ်းဆောင်ရွက်ကြရေး၊ အနာဂတ်တွင် ဒေသတွင်းမှ လူငယ်အင်ဂျင်နီယာများ မွေးထုတ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရေး မှာကြားပြီး ကျောင်းသား ကျောင်းသူများ၏ အင်ဂျင်နီယာဘာသာရပ်များ သင်ယူလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ နည်းပညာတက္ကသိုလ် (လားရှိုး)မှ ကျောင်းသားကျောင်းသူ ၃၃၀၀ ပညာသင်ကြားနိုင်ပြီး ယခုအခါ ကျောင်းသား ကျောင်းသူ ၄၁၇ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရှိရသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နှင်းနှင်းခိုင်ကုမ္ပဏီ၏ အဆင့်မြင့် ဇီဝဒီဇယ်ဆီထုတ်စက်ရုံသို့ ရောက်ရှိကြရာ စက်ရုံဧည့်ခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များအား တိုင်းမှူးဗိုလ်ချုပ်အောင်သန်းထွဋ်က ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း အဆင့်မြင့် ဇီဝဒီဇယ်ဆီထုတ်စက်ရုံခြောက်ရုံ တည်ဆောက်ခဲ့ပြီး ဇီဝဒီဇယ်ဆီများထုတ်လုပ်ရေး ကြိုးပမ်းဆောင်ရွက်မှုအခြေအနေ၊ စက်ရုံ၏ ဇီဝဒီဇယ်ဆီထုတ်လုပ်မှု အဆင့်ဆင့်တို့နှင့် ဇီဝဒီဇယ်ဆီဖြင့် မောင်းနှင်နိုင်သည့် Landcruiser V-8 မော်တော်ယာဉ်၏ စက်စွမ်းအင်အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်ငန်းများတိုးတက်အောင်မြင်စေရန် သုတေသနပြု ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပြည်နယ်အတွင်းရှိ ဇီဝဒီဇယ်ဆီထုတ်စက်ရုံမှ ထုတ်လုပ်ထားရှိသော ဇီဝဒီဇယ်ဆီ၊ စက်သုံးဆီများနှင့် လူသုံးကုန်ပစ္စည်းနမူနာများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် အဆင့်မြင့်ဇီဝဒီဇယ်ထုတ်စက်ရုံ၏ စက်လည်ပတ်မှုအဆင့်ဆင့်နှင့် ဇီဝဒီဇယ်ထုတ်လုပ်မှုနည်းစဉ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ကြိုးပမ်းဆောင်ရွက်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ အထူးအထွက်တိုး ဆင်းရွှေလီမျိုးစေ့ ထုတ်လုပ်စိုက်ပျိုးခြင်း ဧက ၂၀ စိုက်ခင်းသို့ရောက်ရှိကြရာ စိုက်ခင်းရှင်းလင်းဆောင်၌ တိုင်းမှူးက တိုင်းစစ်ဌာနချုပ်ပိုင် စိုက်ကွင်းများအတွင်း ဟူးမွန်ဆည်ရေကို အသုံးပြု၍ တစ်နှစ်လျှင် စပါးနှစ်သီးနှင့် ဆောင်းသီးနှံတစ်သီး စုစုပေါင်းသုံးသီး စိုက်ပျိုးကာ ဒေသဝမ်းစာဖူလုံရေး ကြိုးပမ်းဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က ပြည်နယ်အတွင်း တိုးတက်လာသော လူဦးရေနှင့်အညီ ၂၀၀၇-၂၀၀၈ ခုနှစ် မိုးစပါးရာသီတွင် ဆင်းရွှေလီစိုက်ဧက ၁၆၈၀၀၀ ကျော်အထိ တိုးချဲ့စိုက်ပျိုးသွားမည့် အစီအစဉ်များနှင့် ဆင်းရွှေလီစပ်မျိုးစပါး F-1 မျိုးစေ့ထုတ် စိုက်ပျိုးမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပြည်နယ်မန်နေဂျာ ဦးကျော်သိန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းပေါင်းစပ်

ယင်းနောက် တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိုင်ငံတော်မှ စိုက်ပျိုးရေးကို အဓိကအလေးထား ဆောင်ရွက်နေခြင်းဖြစ်ရာ ဒေသတစ်ခုချင်းစီ၌ ဒေသဝမ်းစာ ဖူလုံရေးကို အဓိကထား ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် မိမိဒေသမှ အထွက်ကောင်းမျိုးများကို အခြားပြည်နယ်နှင့်တိုင်းများကပါ စိုက်ပျိုးလာနိုင်အောင် စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေပေးသွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းကို တာဝန်ယူဆောင်ရွက်နေသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့လည်း လိုအပ်သော နည်းပညာ အကူအညီများရယူပြီး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် စပါးအထွက် သုံးဆတိုးစေရန် စံနမူနာပြထားသည့် အထူးအထွက်တိုး ဆင်းရွှေလီ စပ်မျိုး စပါးမျိုးစေ့ နမူနာများကို ကြည့်ရှုစစ်ဆေးကြရာ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က လိုက်လံရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းစိုက်ကွင်းများအတွင်း စိုက်ပျိုးသွားမည့် ပီလောပီနံပင် နမူနာများအား ကြည့်ရှုစစ်ဆေးကာ ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဆင်းရွှေလီနွေစပါးတစ်ဧက တင်း ၂၇၀ စံပြယှဉ်ပြိုင်ကွက်သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆင်းရွှေလီနွေစပါး တစ်ဧကတင်း ၂၅၀ စံပြယှဉ်ပြိုင်ကွက် ၁၀ ဧကအတွင်း၌ ဒေသခံတောင်သူ ဦးစိုင်းထွန်းလူ၏ ယှဉ်ပြိုင်စိုက်ကွက် ၄ ဒသမ ၄၅ ဧက၌ ဆင်းရွှေလီ F-1 မျိုးနွေစပါးများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးကြသည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် လားရှိုးမြို့သို့ ပြန်လည်ရောက်ရှိကြပြီး လားရှိုးမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ဝင်းအတွင်း ခြံစည်းရိုး ကြက်ဆူ ဧက ၁၀၀ စံပြစိုက်ခင်း၌ စိုက်ပျိုးထားရှိသည့် ယခင်နှစ်က နှစ်သီးရရှိပြီး ယခုအခါ အသီးအပွင့်များဖြင့် အောင်မြင်ဖြစ်ထွန်းနေသော ခြံစည်းရိုးကြက်ဆူပင်များကိုလည်းကောင်း၊ အောင်မြင်ဖြစ်ထွန်းနေသော လေးဧကရှိသည့် ကြက်သွန်စိုက်ခင်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လားရှိုး-မိုင်းရယ်-တန့်ယန်းကားလမ်း လမ်းပိုင်း အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ဆက်လက်ထွက်ခွာခဲ့ကြရာ လားရှိုးမြို့နယ်နှင့် သီပေါမြို့နယ်အကြားရှိ နမ့်ပေါင်-နမ္မ ချောင်းကူးကွန်ကရစ်တံတား၊ ကုန်းပေါင်းကျေးရွာ ကီလိုဝပ် ၂၀ ရေအားလျှပ်စစ်စက်ရုံနှင့် နမ္မ(ဝမ်လုံ)ကျေးရွာ ကီလိုဝပ် ၅၀ ရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ လားရှိုးခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်ထွန်းနှင့် တံတားဆောက်လုပ်ရေးအလှူရှင် ငွေရည်ပုလဲကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးသိန်းမြင့်တို့က နမ့်ပေါင်-နမ္မချောင်းကူး ကွန်ကရစ်တံတားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် ဒေသခံပြည်သူများသည် နမ့်ပေါင်-နမ္မချောင်းကူး တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ နမ့်ပေါင်-နမ္မချောင်းတံတားမှာ အလျားပေ ၈၀၊ အကျယ် ၁၆ ပေ တံတားတစ်စင်းနှင့် အလျား ပေ ၁၂၀၊ အကျယ် ၁၆ ပေ တံတားတစ်စင်းတို့ကို ဆက်စပ်တည်ဆောက်ထားခြင်းဖြစ်သည်။ အဆိုပါတံတားကို သီပေါမြို့နယ် နမ္မကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်းခုနစ်ရွာနှင့် အနီးဝန်းကျင်မှ ကျေးရွာ ခုနစ်ရွာခန့်အား ရာသီမရွေးသွားလာနိုင်ရန် ငွေရည်ပုလဲကုမ္ပဏီမှ ငွေကျပ်သိန်း ၁၂၀၀ အကုန်အကျခံ တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် သီပေါမြို့နယ် ကုန်းပေါင်းကျေးရွာ ၂၀ ကီလိုဝပ် ရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကျောက်မဲခရိုင်ဥက္ကဋ္ဌ ဦးဘဝင်းနှင့် အလှူရှင် ငွေရည်ပုလဲကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးသိန်းမြင့်တို့က ရေအားလျှပ်စစ်စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေအားလျှပ်စစ်စက်ရုံအား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဓာတ်အားပေးဝေနိုင်

အဆိုပါရေအားလျှပ်စစ်စက်ရုံကို ငွေရည်ပုလဲကုမ္ပဏီလီမိတက်မှ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ငွေကျပ်သိန်း ၂၀၀ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စက်ရုံအနီးဝန်းကျင်ရှိ မောက်တောင်ကျေးရွာနှင့် ကုန်းပေါင်းကျေးရွာတို့မှ အိမ်ခြေ ၁၅၀ ခန့် လျှပ်စစ်ဓာတ်အား ပေးဝေနိုင်မည်ဖြစ်သည်။

ယင်းနောက် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ကံ့ကော်ပင်ကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်တို့က ခရေပင်များကိုလည်းကောင်း အသီးသီးစိုက်ပျိုးပေးကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် အခမ်းအနားအစီအစဉ်များကို တံတားထိပ်ရှိ ယာယီမဏ္ဍပ်၌ကျင်းပရာ ရှေးဦးစွာ အလှူရှင် ငွေရည်ပုလဲကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးသိန်းမြင့်က ချောင်းကူးတံတားနှင့် ရေအားလျှပ်စစ်စက်ရုံများ ဆောက်လုပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်မှ ကျေးလက်ဒေသပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်းမြင့်မားရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့နိုင်ငံတော်မှ ကျေးလက်ဒေသနှင့် မြို့ပြကွာဟချက် နည်းနိုင်သမျှ နည်းပါးစေရန် ကြိုးပမ်းနေချိန်တွင် ဒေသခံများက မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးစိုက်ထုတ် အကုန်အကျခံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ကူညီ ဆောင်ရွက်နေကြသည်မှာ လွန်စွာ ကျေနပ်အားရဖွယ်ရာဖြစ်ကြောင်း။

ထိုကဲ့သို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်မည့်အလှူရှင်များ ပေါ်ထွက်လာခြင်းကို ကြိုဆိုပါကြောင်းနှင့် နိုင်ငံတော်နှင့် ဒေသခံပြည်သူများ ကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ ငွေရည်ပုလဲ ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးသိန်းမြင့်က နမ့်ပေါင်-နမ္မချောင်းကူး သံကူကွန်ကရစ်တံတားနှင့်ပတ်သက်သော စာရွက်စာတမ်းများကို လားရှိုးခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်ထွန်းထံသို့လည်းကောင်း၊ ကီလိုဝပ် ၂၀ ရေအားလျှပ်စစ်စက်ရုံနှင့် ပတ်သက်သော စာရွက်စာတမ်းများကို ကျောက်မဲခရိုင်ဥက္ကဋ္ဌ ဦးဘဝင်းထံသို့လည်းကောင်း၊ ကီလိုဝပ် ၅၀ ရေအားလျှပ်စစ်စက်ရုံနှင့် ပတ်သက်သော စာရွက်စာတမ်းများကို သီပေါမြို့နယ် ဥက္ကဋ္ဌ ဦးခင်ကြည်ထံသို့လည်းကောင်း လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ချောင်းကူးတံတားနှင့် ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ပေးခဲ့ခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

အားပေးချီးမြှင့်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သီပေါမြို့နယ် ဝမ်လုံ(နမ္မ)ကျေးရွာအနီး၌ကျင်းပသည့် ကီလိုဝပ် ၅၀ ရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်နှင့် ငွေရည်ပုလဲကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးသိန်းမြင့်တို့က စက်ရုံအားဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကီလိုဝပ် ၅၀ ရေအားလျှပ်စစ်စက်ရုံအတွင်း တာဘိုင်စက်များ တပ်ဆင်ထားရှိမှုနှင့် ရေအားလျှပ်စစ်ထုတ်ယူမှုအဆင့်ဆင့်တို့ကို သွားရောက် ကြည့်ရှုအားပေးကြသည်။

အဆိုပါ ရေအားလျှပ်စစ်စက်ရုံကိုလည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ငွေရည်ပုလဲကုမ္ပဏီက ငွေကျပ်သိန်း ၅၀၀ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး သီပေါမြို့နယ်အတွင်းရှိ ဝမ်လုံ၊ နောင်ချွေး၊ နားနန်၊ ပိန်းဆိုင်းနှင့် နားနွဲ့ကျေးရွာများရှိ အိမ်ခြေ ၂၅၀ ခန့်ကို လျှပ်စစ်ဓာတ်အားပေးဝေနိုင်မည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် လားရှိုးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ရွှေပါရမီ သွေးလှူဒါန်းပွဲ

ရန်ကုန် မေ ၁၈

ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကနှင့် တပည့် ဒါယကာ၊ ဒါယိကာမများ၏ ဒါနဥပပါရမီ စုပေါင်း သွေးလှူဒါန်းပွဲကို မေ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ ကျင်းပမည်ဖြစ်ရာ ဆရာတော်နှင့်အတူ မည်သူမဆို လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီးစီးရေး

ရဲဘော် တင်ရွှေ

တိုင်းပြည်တစ်ပြည် နိုင်ငံတစ်နိုင်ငံအဖို့ မရှိမဖြစ် အမှန်တကယ် လိုအပ်သည်မှာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပင်ဖြစ်သည်။ မြန်မာနိုင်ငံသည် ၁၉၈၈ခုနှစ်မှ စတင်ကာ အခြေခံဥပဒေသစ်တစ်ရပ် လိုအပ်ခဲ့သည်။ ထိုလိုအပ်ချက်ကို တပ်မတော်အစိုးရက ဦးဆောင်ကာ အမျိုးသားညီလာခံကျင်းပပြီး နိုင်ငံတော်သစ်တစ်ရပ်အတွက် အခြေခံရမည့်မူများကို ညှိနှိုင်းချမှတ်လျက် ရှိသည်။

တိုင်းရင်းသား လူမျိုးပေါင်းစုံ၊ လူတန်းစားအလွှာပေါင်းစုံ၊ တရားဝင်တည်ရှိနေသော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တတ်သိပညာရှင်များ၊ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များနှင့် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များပါမကျန် တက်ရောက်ညှိနှိုင်း ဆွေးနွေးချမှတ်လျက်ရှိကြရာ မကြာမီ လုံးဝအကောင်အထည်ပေါ် ပြီးစီးတော့မည်ဖြစ်၏။

တစ်ဖက်မှ အမျိုးသားညီလာခံ အောင်မြင်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းနေချိန်တွင် ပြည်ပပယောဂ ပူးကပ်ခံနေရသော (NLD) လိုအဖွဲ့အစည်းနှင့် တောင်စဉ်ရေမရ တစ်ကိုယ်တော် မဖြစ်စလောက်တို့က အမျိုးသားညီလာခံကြီး ပျက်စီးရာပျက်စီးကြောင်း အနှောင့်အယှက်ပေးနေသည်ကို ကြားမြင် သိနေရ၏။

မည်သို့ပင်ဖြစ်စေ၊ ဤညီလာခံကြီး ချောမွေ့စွာ အောင်မြင်ပြီးစီးရေးသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လိုအပ်ချက်ဖြစ်သည်နှင့်အညီ ပြည်သူတစ်ရပ်လုံးက ပြည်တွင်းပြည်ပ အဖျက်သမားများကို လုံးဝဆန့်ကျင်ချေမှုန်းကြရမည်သာ ဖြစ်၏။

အဖျက်သမားတို့က တပ်မတော်၏အခန်းကဏ္ဍနှင့်ပတ်သက်ပြီး အနာဂတ်နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် တပ်မတော်၏ အမျိုးသားနိုင်ငံရေးအရ ပါဝင်မှုကို ပစ်ပယ်လိုကြသည်။

ဤအချက်နှင့်စပ်လျဉ်း၍ အမြင်ကြည်လင်စွာဖြင့် သုံးသပ်သင့်၏။

တပ်မတော်သည် အမှန်တကယ်စစည်းညီညွတ်စွာ နိုင်ငံတော်တွင် နိုင်ငံ့အရေးကိစ္စပေါ်လာသမျှကို ပြည်သူ့ရှေ့မှ မားမားမတ်မတ် ရပ်တည်ပြီး တာဝန်ယူ ဖြေရှင်းပေးနိုင်သည့် အင်အားစုကြီးတစ်ရပ် ဖြစ်သည်ကို မည်သူမျှ ငြင်းနိုင်မည်မဟုတ်ပါ။

တပ်မတော်သည် မြန်မာ့လူ့အဖွဲ့အစည်းတွင် အမှန်တကယ် တည်ရှိသော အမျိုးသားနိုင်ငံရေး အင်အားစုကြီးဖြစ်သည်။

ရှစ်လေးလုံး ဆူပူအကြမ်းဖက်မှု အရေးအခင်းလို ပြည်တွင်းရေးပြဿနာကို ညင်သာချောမွေ့စွာ ဖြေရှင်းပေးနိုင်ခဲ့သည်မှာ တပ်မတော်သာ ဖြစ်ပါသည်။

လူသတ်၊ ပစ္စည်းလု၊ မီးရှို့နေကြသည့် မင်းမဲ့စရိုက် သမားများ နိုင်ငံနှင့် ပြည်သူကို အန္တရာယ်မပြုနိုင်အောင်၊ ငြိမ်ဝပ်သွားအောင် တားဆီးနှိမ်နင်းနိုင်ခဲ့သည်မှာ တပ်မတော်ဖြစ်ပါသည်။

ထိုစဉ်က နိုင်ငံရေးခေါင်းဆောင်များ၊ ပေါ်ပင်နိုင်ငံရေး ခေါင်းဆောင်များဖြစ်သည့် ဒေါ်စုကြည် ၊ မင်းကိုနိုင် စသူတို့သည် ဗဟိုကုန်သွယ်ရေးရုံးကြီးရှေ့တွင် အကြမ်းဖက်နေသော ဆန္ဒပြသမားများအား တားဆီးရန် ကြိုးပမ်းခဲ့ရာ အောင်မြင်မှုမရခဲ့ပေ။ ဤလိုနှလုံးလှ စွမ်းရည်မျိုး တပ်မတော်မှလွဲ၍ မည်သည့်အင်အားစုတွင်မှ မရှိပေ။

တပ်မတော်က တပ်မတော်အစိုးရအဖြစ် နိုင်ငံတော်တာဝန်ကို ယူခဲ့ပြီး နိုင်ငံတော်၏ လိုအပ်ချက်မှန်သမျှ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးမျက်နှာစာများတွင်လည်း တိုးတက်မှုအခြေခံကောင်းများ ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်မှာလည်း အမှန်ပင် ဖြစ်၏။ ယခုလည်း အားသွန်ခွန်စိုက် ဆောင်ရွက်ဆဲ၊ နောင်တွင်လည်း ဆောင်ရွက်နေမည်မှာ မြင်သာသောအချက်ပင် ဖြစ်သည်။

တပ်မတော်အစိုးရ၏ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းပေါင်း များစွာအနက် စာရေးသူ၏ရင်ကို လှုပ်ခါစေပြီး ပီတိဖြာခဲ့ရသော မြင်သာသည့်လုပ်ငန်းတစ်ရပ်ကို ရိုးရှင်းစွာ တင်ပြလိုပါသည်။

စာရေးသူသည် ပါလီမန်ဒီမိုကရေစီခေတ်တွင် ရေစကြိုအရှေ့ပိုင်းအမတ်အဖြစ် နိုင်ငံရေးလောကတွင် ကျင်လည်ခဲ့သော ပခုက္ကူသားတစ်ယောက်ဖြစ်ပါသည်။ စာရေးသူသည် ပခုက္ကူခရိုင် ပမညတ အတွင်းရေးမှူးအဖြစ် ပခုက္ကူခရိုင်အတွင်း မြို့များသာမက ကျေးရွာအနှံ့ ခြေဆန့်၍ စည်းရုံးရေး ဆင်းခဲ့သူဖြစ်ပါသည်။

ထိုအခါက စာရေးသူအတွက် မြင်ရ၊တွေ့ရသော ကျေးရွာလူထု၏ အခြေအနေမှာ ရင်ကိုလှုပ်ခပ်နာကျင်စေခဲ့ပါ၏။

ပခုက္ကူခရိုင်သည် မိုးခေါင်ရေရှား ရပ်ဝန်းဒေသတွင် တည်ရှိခဲ့ရာ ကျေးရွာများ၌ နေထိုင်ရသူ ပြည်သူအများမှာ ရေရှားပါးသည့်ဒဏ်ကို မရှုမလှုခံရသည်။ ရေကိုနေ့တိုင်းမချိုးနိုင်၊ တစ်ခါတစ်ရံ ရေချိုးပြီဆိုလျှင် နွားစာခွက်ပေါ်တက်၍ ချိုးရသည်။ ချိုးလိုက်သောရေတို့ကို နွားစာနယ်၍ ကျွေးရန်ဖြစ်သည်။

ထိုစဉ်က **"ရွှေကိုမလို၊ ငွေကိုမလို ရေကိုသာလိုချင်သည်"**ဟူ၍လည်းကောင်း၊ ဧည့်သည်များလာလျှင် **"ထမင်းတော့ကျွေးပါမယ်၊ ရေတော့ မတိုက်ပါရစေနဲ့"**ဟူ၍လည်းကောင်း အိမ်ရှင်များက ပြောကြားခဲ့ကြသည်ကို နားမဆံ့အောင် ကြားခဲ့၊ သိခဲ့ရပါ၏။

ယခု တပ်မတော်အစိုးရက ထိုဒေသများကို သောက်သုံးရေ လုံးဝလုံလောက်အောင် ရေတွင်း၊ ရေကန်များသာမက အဝီစိစက်တွင်းများ တူးပေးကာ ရေကိုဖောဖောသီသီသုံးနိုင်အောင် လုပ်ဆောင်ပေးပြီးဖြစ်သည်။ ထို့မျှမကဘဲ စိုက်ပျိုးရေလုံလောက်အောင် ဆည်တမံမျိုးစုံ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမျိုးစုံဖြင့် ဖြည့်ဆည်းပေးလျက်ရှိသည်။

ထိုနယ်များသို့ စာရေးသူကိုယ်တိုင် ယခုနောက်ပိုင်းကာလ၌ ရောက်သွားရာတွင် ကျေးရွာသူကျေးရွာသားများက စေတနာအပြည့်အဝဖြင့် ရေကြည်ရေအေးတိုက်၍ ဧည့်ခံနိုင်နေကြပြီ ဖြစ်ပါ၏။

ရေအကျိုးဆယ်ပါးသည် ဆုမတောင်းဘဲနှင့် ပြည့်စုံသည်ဟုဆိုလျှင် တပ်မတော်အစိုးရသည် ထိုဆုကို လက်ငင်းဒိဋ္ဌ မလွဲမသွေ ခံစားရလိမ့်မည်ဟု စာရေးသူ တွေးမိပါသည်။

လမ်းပန်းဆက်သွယ်ရေးဆိုလျှင်လည်း လမ်း၊ တံတားများ မြန်မာနိုင်ငံတစ်နံတစ်လျား နေရာမလပ် တည်ဆောက်ပေးထားပြီမို့ သွားရေး၊ လာရေးမှာ အချိန်ကုန်သက်သာပြီး ခရီးရောက်လှ၏။

ယခင်က ရန်ကုန်မှ ပခုက္ကူသို့ ပြန်မည်ဆိုလျှင် ရထားတစ်တန်၊ ကားတစ်တန်၊ သင်္ဘောတစ်တန်ဖြင့် သွားကြရသည်။ ယခုတော့ မီးရထားဖြင့် သွားမလား၊ ကားဖြင့်သွားမလား၊ မြစ်ကူးတံတားကြီးများစွာ ရှိနေပြီဖြစ်၍ အခက်အခဲမရှိတော့၊ တောက်လျှောက် ချောမွေ့စွာ သွားနိုင်ကြပြီ ဖြစ်၏။

တပ်မတော်အစိုးရ၏ ပြည်သူ့အကျိုးပြုလုပ်ငန်းများအကြောင်းကို ဆောင်းပါးရှင်ပေါင်းများစွာတို့က သတင်းစာ စာမျက်နှာထက်မှနေ၍ ကိန်းဂဏန်းများ၊ ဓာတ်ပုံများဖြင့် ဝေဝေဆာဆာ မငြင်းသာအောင် တင်ပြခဲ့ပြီးဖြစ်သလို ဒေသခံပြည်သူများအနေဖြင့်လည်း လက်တွေ့ ရရှိခံစားနေကြရပြီဖြစ်၍ စာရေးသူအနေဖြင့် ထပ်မံ မရေးသားလိုတော့ပါ။

ဤတပ်မတော်၏ တိုင်းကျိုးပြည်ပြု၊ ပြည်သူ့အကျိုးပြု လုပ်ငန်းများကို ပြည်သူများအနေဖြင့် အသိအမှတ်ပြုလျက် ရှိနေကြသည်။

တပ်မတော်၏ အခန်းကဏ္ဍကို ပစ်ပယ်လိုသူများ တပ်မတော်ကို ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်နေသူများမှာ တိုင်းရင်းသား ပြည်သူများ မဟုတ်ကြပေ။ နိုင်ငံခြားပယောဂ မှီကပ်ခြင်းခံနေရသော အမေကျော်ဒွေးတော်လွမ်းနေသည့် အာဏာကို ဖြတ်လမ်းမှရယူရန် လုံးပန်းနေကြသော လက်တစ်ဆုပ်စာ နယ်ချဲ့လက်ဝေခံ နိုင်ငံရေးသမား အမည်ခံထားကြသူများသာ ဖြစ်သည်။

ယခုအခါ သူတို့အားလည်း သူတို့ပါတီဝင်များ ကိုယ်တိုင်က သူတို့၏ လုပ်ရပ်များကြောင့် စွန့်ခွာ ဆန့်ကျင်ကုန်ကြပြီ ဖြစ်သည်။

တစ်နည်းအားဖြင့်ဆိုရသော် သူတို့၏ဘဝမှာ တစ်စထက်တစ်စ လမ်းဘေးရောက်ကာ မြောင်းထဲသို့ကျဖို့ လက်တစ်လုံးအလိုမှာ ရောက်ရှိနေကြပြီ ဖြစ်သည်။

တပ်မတော်က ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေစဉ် သူတို့က အဖျက်လုပ်ငန်းပေါင်းစုံဖြင့် ပြည်သူ့အကျိုးစီးပွားကို ဖျက်ဆီးခဲ့ကြသည်။ သူတို့ကြောင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအချို့ ရုပ်သိမ်းသွားသဖြင့် အလုပ်လက်မဲ့များ ထောင်သောင်းမကဖြစ်ကာ စားဝတ်နေရေး အကျပ်တွေ့ခဲ့ရသည်။ ဤမကောင်းမှု အကျိုးဆက်ကြောင့် ယခုအခါ သူတို့ဒဏ်ခတ်ခံနေရပြီ ဖြစ်၏။

ပြည်သူတို့က အမှန်တကယ် ပစ်ပယ်လိုသည်မှာ ကျစ်လျစ်ခိုင်မာစွာ ဖွဲ့စည်းထားသော တပ်မတော်ကို မဟုတ်ဘဲ နယ်ချဲ့လက်သစ်အလိုကျ ကြိုးဆွဲရာကနေသော အမျိုးသားသစ္စာဖောက် ပါတီခေါင်းဆောင်တစ်စုကိုသာဖြစ်ကြောင်း အထူးရေးသားဖော်ပြရန် လိုမည်မထင်ပါ။

တစ်မျိုးသားလုံး၏ ထောက်ခံမှုဖြင့် အတည်ပြုပြဋ္ဌာန်းနိုင်မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်သည် ကမ္ဘာပေါ်တွင် တည်ကြည်ခဲ့ညားထည်ဝါ အဓွန့်ရှည်ကြာစွာ ရပ်တည်မည့် နိုင်ငံတော်သစ်ကို မုချပေါ်ထွန်းလာစေမည် ဖြစ်သည်။

နိုင်ငံတော်သစ်သည် ပြည်ပဩဇာလုံးဝကင်းရှင်း၍ အမှီခိုကင်းသော၊ စည်းလုံးညီညွတ်သော၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံအဖြစ် ဧကန်မုချ ပေါ်ထွန်းလာမည်ဖြစ်၍ ပြည်သူတစ်ရပ်လုံးက လက်တွဲညီညီဖြင့် ဝိုင်းဝန်းစောင့်ရှောက် တည်ဆောက်ကြရန် လိုပါသည်။

ထို့ကြောင့် ပြည်သူတစ်ရပ်လုံးအနေဖြင့် ပြည်ပပယောဂနှင့် ပြည်ပအားကိုး ပုဆိန်ရိုးအချို့၏ သွေးဆောင်လှည့်ဖြားမှုကြောင့် တွေဝေယိမ်းယိုင်ခြင်းမရှိဘဲ အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးအတွက် တစ်စိတ်တည်း၊တစ်ဝမ်းတည်းဖြင့် ဝိုင်းဝန်းကူညီကြရန် ရေးသားတိုက်တွန်းလိုက်ရပါ၏။

မည်သို့ပင်ဖြစ်စေ–

အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီးစီး၍ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီး အတည်ဖြစ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံတော်သစ်ကြီး မုချမလွဲမသွေ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း ကျင်လည်ဖြတ်သန်းခဲ့ရသော နိုင်ငံရေးအတွေ့အကြုံများအရ စာရေးသူတို့အနေဖြင့် ခွင်းချက်မရှိ မမိုတ်မသုန် ယုံကြည်ပါ၏။ ။

ပြည်သူတစ်ရပ်လုံးအနေဖြင့် ပြည်ပပယောဂနှင့် ပြည်ပအားကိုး ပုဆိန်ရိုးအချို့၏ သွေးဆောင်လှည့်ဖြားမှုကြောင့် တွေဝေယိမ်းယိုင်ခြင်း မရှိဘဲ အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးအတွက် တစ်စိတ်တည်း၊ တစ်ဝမ်းတည်းဖြင့် ဝိုင်းဝန်းကူညီကြ။

ဆရာဝန်အသင်း ဉာဏ်သစ်လောင်း ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၈

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ကိုယ်အင်္ဂါ ပြန်လည်သန်စွမ်းရေး ဆေးပညာအဖွဲ့၏ စဉ်ဆက်မပြတ် ဆေးပညာလေ့လာဆည်းပူးခြင်း အစီအစဉ်အရ ကိုယ်အင်္ဂါ မသန်စွမ်းသော ကလေးငယ်များအား ခေတ်မီ စနစ်များဖြင့် ပြုစုကုသခြင်းအတွက်ဉာဏ်သစ်လောင်း ဆွေးနွေးပွဲကို မေ ၂၆ရက် နံနက် ၉နာရီတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်ရာ ဆရာဝန်များ၊ အကြောကျွမ်းကျင်ပညာရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်သည်။ **(သတင်းစဉ်)**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁၈

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် မေ၁၆ရက်က နေပြည်တော်ရှိ ဝန်ကြီးရုံး ဧည့်ခန်းမ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ (China National Electronics Import & Export Southwest Co., (CEIEC)မှ General Manager Mr. Gao Rongနှင့် အဖွဲ့အား လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံရာသို့ ဝန်ကြီးရုံး ရုံးအဖွဲ့မှူး ဗိုလ်မှူးကြီးညိုမြင့်၊ လျှပ်စစ်စွမ်းအားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစောဝင်း၊ ဓာတ်အားပို့လွှတ်ရေး စီမံကိန်းများဌာန အင်ဂျင်နီယာချုပ် ဦးအေးသော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၅-၂၀၀၇ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	'ငါးလေးလုံး'တရားတော် (ဆရာတော်ဘဒ္ဒန္တ သောဘဏ)
၈း၀၅	တစ်ပတ်အတွင်း အားကစားသတင်း
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	စက်မှု(၁)၏ စွမ်းပကား ကျန်းမာရေးအတွက် အလေးထား (အင်ရောင်း ဆေးဝါးစက်ရုံ)
၈း၅၀	ပြည်သူ့အကျိုးသယ်ပိုး (၃)နှစ်ပြည့် MRTV-4
၉း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၀၀	ဂုဏ်ယူဖွယ်ရာ မြန်မာ့လက်မှုပန်းပုပညာ
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၅၀	သစ်သီးဝလံပေါပြည့်ဝေဆာ တို့မြေမှာ(ပျားလိမ္မော်)
၁၁း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀	Movie Talk (အကယ်ဒမီဒါရိုက်တာ ဦးထွန်းလှိုင်နှင့် တွေ့ဆုံခြင်း) (အပိုင်း–၁)
၁၁း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၅၀	မိုးလေဝသခန့်မှန်းချက်
၁၁း၅၅	ခေတ်မီတိုးတက်တီထွင်ချက် ရေမော်တာအလိုအလျောက် ထိန်းချုပ်စက်
၁၂း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၃၅	လင်းလက်သော ကြယ်ပွင့်လေးများ စုဝေးတည်ရှိခြင်း
၁၂း၅၅	တေးဂီတအစီအစဉ်
၁း၀၀	MRTV-4 အပိတ်Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၀၀	ပွဲကြိုသုံးသပ်ချက်–၁	5-Sports
၇း၃၀	ပွဲကြိုသုံးသပ်ချက်–၂	5-Sports(Live)
၈း၂၅	Chelsea - Man Utd	5-Sports(Live)

နိုင်ငံပိုင် စက်ရုံလေးရုံ ပုဂ္ဂလိက လုပ်ငန်းရှင်များသို့ ရောင်းချမည်

နေပြည်တော် မေ ၁၈

နိုင်ငံပိုင်စက်ရုံလေးရုံကို ပုဂ္ဂလိက လုပ်ငန်းရှင်များသို့ ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ် လွှဲပြောင်းရောင်းချသွားမည်ဖြစ်သည်။ ရောင်းချမည့် စက်ရုံများမှာ ပုသိမ်အချိုရည်နှင့် ရေခဲစက် (စက်မပါသည့်မြေအပိုင်း) မြက်တို ကျေးရွာ ပုသိမ်မြို့ဖြစ်၍ မြေဧရိယာ ဧကမှာ၅ဒသမ၁၉ဖြစ်ပြီး ကြမ်းခင်းဈေးမှာ ငွေ၂၆၃၄၉၉၁၂၁၀ကျပ် ဖြင့် လည်းကောင်း၊ ပုသိမ်အချိုရည်နှင့် ရေခဲစက် (စက်ပါသည့်အပိုင်း) မြက်တို ကျေးရွာ ပုသိမ်မြို့ဖြစ်၍ မြေဧရိယာ ဧကမှာ ၂ဒသမ ၇၈ဖြစ်ပြီး ကြမ်းခင်းဈေးမှာ ငွေ ၁၇၃၀၉၆၃၀၈ကျပ်ဖြင့် လည်းကောင်း၊ မကျီးစင်ခေါက်ဆွဲ စက်ရုံ မိုင်တိုင်(၁၇) မကျီးစင်ကျေးရွာ စစ်ကိုင်းမြို့ဖြစ်၍ မြေဧရိယာဧကမှာ ၄ ဒသမ ၂၅ ဖြစ်ပြီး ကြမ်းခင်းဈေးမှာ ငွေကျပ် ၅၄၁၄၆၇၂၀ ဖြင့် လည်းကောင်း၊ အဏ္ဏဝါရေခဲစက်(ရေး) တနင်္သာရီ လမ်းမကြီး အဏ္ဏဝါရပ်ကွက် ရေးမြို့ဖြစ်၍ မြေဧရိယာ ဧကမှာ ၂ ဒသမ ၉၅ ဖြစ်ပြီး ကြမ်းခင်းဈေးမှာ ငွေကျပ် ၇၆၄၃၅၆၈၀ ဖြင့်လည်းကောင်း ရောင်းချသွားမည်ဖြစ်သည်။

ဝယ်လို သူပုဂ္ဂိုလ်/အဖွဲ့အစည်းများသည် အဆို ပြုလွှာများကို မေ ၁၅ ရက်မှစ၍ ပုဂ္ဂလိကပိုင် ပြုလုပ်ရေး ကော်မရှင်ရုံး (စီမံကိန်း စိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေး ဦးစီးဌာန ရုံးအမှတ်(၃၂) နေပြည်တော်တွင် ဝယ်ယူနိုင်သည်။ ယင်းအဆိုပြုလွှာများကို ဇွန် ၁၅ ရက် နံနက် ၁၀ နာရီ မှ ညနေ ၄နာရီအတွင်း(တစ်ရက်တည်း) တင်သွင်းရမည်ဖြစ်သည်။

ဦးစားပေးစဉ်းစားမည်

အပြီးအပြတ် ဝယ်ယူရန် အဆိုပြုထားသူများအနက် မူလပိုင်ရှင်သည် တိုင်းရင်းသားဖြစ်ပြီးအများဆုံး ဈေးနှုန်းပေးသူနှင့် တူညီစွာပေးနိုင်ပါက ဦးစားပေးစဉ်းစားမည်။ မူလပိုင်ရှင်ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားတင်ပြရမည်။ မူလပိုင်ရှင် မဟုတ်ပါက အများဆုံး ပေးဝယ်မည့် တိုင်းရင်းသားများကို ဦးစားပေးမည် ဖြစ်သည်။

ဖြည့်စွက်လျှောက်ထား

လျှောက်ထားသူများသည် သတ်မှတ်ထားသော ပုံစံတွင် ဖြည့်စွက် လျှောက်ထားရန်ဖြစ်သည်။

ဆက်သွယ်မေးမြန်းနိုင်

အသေးစိတ် အချက်အလက်များကို သိလိုပါက ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်ရုံးစီမံကိန်း စိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာနရုံး နေပြည်တော်တယ်လီဖုန်းအမှတ်–၄၀၆ ၀၆၉သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ၇ လမ်းနေ ခင်ပွန်း ဦးစံနှင့်သမီး မဌေးဌေးတို့အားရည်စူး၍ ဒေါ်သန်းစိန် မိသားစုတို့က သုံးထပ်ဘိုးဘွားဆောင်အဆောက်အအုံအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့ အမှုဆောင်အတွင်းရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အမေနှင့်သမီးများဇာတ်ကား ရုံသုံးရုံ အပြိုင်ဝင်လာ

ရုပ်ရှင် သတင်းထောက်

ရန်ကုန် မေ ၁၈

မောင်သိန်းဆိုင်၏ ဝတ္ထုကို လူငယ်ဒါရိုက်တာ ဓာတ်ပုံအဏ်ထော်ဏီ (မော်လမြိုင်)ရိုက်ကူးပြီး အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီ ရဲအောင်၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ ခိုင်သင်းကြည်၊အကယ်ဒမီမေသဉ္ဇာဦး၊ သီဂီထွန်း၊သက်မွန်မြင့်၊စန္ဒီမြင့်လွင်နှင့် ဇာဇာမင်းထက်တို့ပါဝင်သရုပ်ဆောင်ထားသော **အမေနှင့်သမီးများ** ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် ရုံဝင်လာသည်။ မြန်မာ့လူနေမှုစရိုက်ကို ဖော်ကျူး ရိုက်ကူးထားပြီး မိခင်က သားသမီးအပေါ်ထားအပ်သော မေတ္တာနှင့် သားသမီးများက မိခင်အပေါ်ထား အပ်သော မေတ္တာကို အခြေခံ ရိုက်ကူးထားသော မေတ္တာဖွဲ့ဇာတ်ကားဖြစ်သည်။

အမေနှင့်သမီးများ ဇာတ်ကားမှ....။

ရွှေဆောင်အဆင့်မြင့်ရုံတွင် **ကက်ကင်း** ဇာတ်ကား ဆက်လက် အောင်ပွဲခံလျက်ရှိသည်။ နေပြည်တော်ရုံတွင် **300** ဇာတ်ကား ဆက်လက်ပြသနေသည်။

ကက်ကင်း ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

မြို့မရုံတွင် အက်ရှေးကူးမားနှင့် ဆူနီးရှက်သီးတို့ ပါဝင်သရုပ်ဆောင်ထားသော AAN ဇာတ်ကား ပြသနေသည်။ ရွှေဂုန်ရုံ အပေါ်ထပ်တွင် အက်ရှင်မင်းသား Bruce Willis ပါဝင်သရုပ်ဆောင်ထားသော Die Hard ဇာတ်ကား ရုံဝင်လာသည်။ ရွှေဂုန်ရုံ မြေညီထပ်တွင် အိန္ဒိယစူပါမင်းသား ရှာရွတ်ခန် ပါဝင်သရုပ်ဆောင်ထားသော Khch Kuch Hotahi ဇာတ်ကား ရုံဝင်လာသည်။ ။ **(မြန်မာ့အလင်း)**

မြင်းခြံ ရွှေပြည်စိုး သာသနာ့ဗိမာန်တော် ရေစက်ချ အလှူမင်္ဂလာကျင်းပ

မြင်းခြံမြို့ အမှတ်(၂) ရပ်ကွက်ရှိ ရွှေပြည်စိုးသာသနာ့ဗိမာန်တော်ကြီး ရေစက်ချလှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၂၇ ရက်က အဆိုပါဗိမာန်တော်ကြီး၌ ကျင်းပရာ မင်္ဂလာအချိန်တွင် ရွှေပြည်စိုးသာသနာ့ ဗိမာန်တော်ကြီးကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းနှင့် အလှူရှင်များက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က ရွှေပြည်စိုးသာသနာ့ဗိမာန်တော်မော်ကွန်းကမ္ပည်း ကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် အလှူရှင်များက မော်ကွန်းကမ္ပည်း ကြေးပြားကို အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးကြသည်။ (၄၀၂)

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

ကမ္ဘာ့ကြက်ခြေနီနေ့ ပေါင်းတည်၌ကျင်းပ

ပေါင်းတည်မြို့ ကမ္ဘာ့ကြက်ခြေနီနေ့နှင့် (၅၇)နှစ်မြောက် ပေါင်းတည်ကြက်ခြေနီနေ့ အခမ်းအနားကို မေ ၈ ရက်နံနက်က ဘိုးဘွားရိပ်သာ(စိန်ရတု) ခန်းမဆောင်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုလွင်နှင့် မြို့နယ်ကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌ ဒုတိယရဲမှူးဦးမြအေးတို့က အမှာစကားပြောကြားကြပြီး စာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်းကြသည်။ ပေါင်းတည် မြို့နယ်ကြက်ခြေနီအသင်းအတွက် ဆရာဦးသိန်းလွင် ရန်ကုန်ဆိပ်ကမ်းသာလမ်းက အလှူငွေကျပ်တစ်သိန်း၊ ပေါင်းတည်မြို့ ဦးမြတ်ထွန်း မိသားစုက အလှူငွေကျပ် တစ်သိန်းလှူဒါန်းကြပြီး မြို့နယ်မှ ထူးချွန်ဆုရရှိသူ ကြက်ခြေနီတပ်ဖွဲ့ဝင်နှစ်ဦးအား ဂုဏ်ပြုလွှာပေးအပ်ချီးမြှင့်သည်။ (၃၃၁)

မီးသတ်တပ်ဖွဲ့နေ့ ရေစကြို၌ကျင်းပ

မကွေးတိုင်း ရေစကြိုမြို့နယ်တွင် (၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးတင်အောင်မိုး ဦးဆောင်မှုဖြင့် မေ ၄ရက်က ချမ်းသာကြီး၊ သက်တော်ရှည်၊ ချမ်းသာရရွှေဟောင်းတန်ခိုးကြီး ဘုရားသုံးဆူ ပင့်ဆောင်၍ ရေစကြိုမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလအမှူးပြုသော ထေရ်ကြီးဝါကြီးသံဃာတော်အရှင်သူမြတ်တို့က ရေစကြိုမြို့တွင်းအနှံ့ လှည့်လည်အန္တရာယ်ကင်း ပရိတ်တော်များရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။ မေ ၅ရက်တွင် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းရုံး၌ သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြပြီး ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးတင်အောင်မိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရဲဝံ့စွန့်စားမီးသတ်သမားများအဖြစ် စွမ်းရည်ထက်မြက်မှုများ သရုပ်ပြသကြသည်။ (၂၅၁)

မီးသတ်တပ်ဖွဲ့နေ့ ကျောက်မဲ၌ကျင်းပ

(၆၁)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက်က ကျောက်မဲမြို့နယ် မီးသတ်တပ်ဖွဲ့ရုံးခန်းမဆောင်တွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးလွင်က မီးသတ်ဦးစီးဌာန (ရုံးချုပ်)မှ ပေးပို့သော (၆၁)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့မိန့်ခွန်းကို ဖတ်ကြားသည်။

ဆက်လက်၍ စစ်ရေးပြ လေ့ကျင့်မှုစွမ်းရည်ဆု၊ မီးသတ်စက်ကြီး လေ့ကျင့်မှုစွမ်းရည်ဆု၊ တူညီဝတ်စုံ ဝတ်ဆင်မှုပြိုင်ပွဲဆုနှင့် သွေးလှူရှင်ဆုများကို မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်မီးသတ်ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။ (က–ပ)

အင်းတော်မြို့နယ်၌ ကျေးလက်စာကြည့်တိုက်နှင့် ရုံးများဖွင့်

အင်းတော်မြို့နယ် သောင်မြင်းကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးနှင့် ကျေးလက်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို မေ ၇ ရက်နံနက် ၁၀ နာရီက သောင်မြင်းကျေးရွာအုပ်စု ကွင်းချောင်းကျေးရွာ အဆိုပါရုံးအဆောက်အအုံတွင် ကျင်းပရာ ရုံးအဆောက်အအုံအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝင်းနှင့် ရပ်မိရပ်ဖ ဦးသာရင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝင်းက အမှာစကား ပြောကြားပြီး အဖွဲ့ဝင်မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမောင်မောင်လေးက ရာဇဝတ်မှုဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးမှူး ဦးကျော်ဌေးက နိုင်ငံသားဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သီဟက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး ကိစ္စရပ်များကို လည်းကောင်း ပညာပေးရှင်းလင်းပြောကြားကြသည်။ (၁၃၃)

အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း အသိပေးဆွေးနွေးပွဲ မင်းကင်း၌ကျင်းပ

စစ်ကိုင်းတိုင်း ကလေးခရိုင် မင်းကင်းမြို့နယ် အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း အသိပေးဆွေးနွေးပွဲကို မေ ၃ရက် နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ သံဃာဆောင်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်နိုင်က အမှာစကားပြောကြားပြီး ဒေါက်တာအောင်ကျော်စိုးက ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းအကြောင်းကို လည်းကောင်း၊ ဒေါက်တာဆန်းဝင်း(တိ/ကု)က ကြက်ငှက်တုပ်ကွေး ရောဂါအကြောင်း သိကောင်းစရာများ ရှင်းလင်းပြောကြားကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

သီပေါ ပြန်/ဆက်ဦးစီးဌာန စာဖတ်ပွဲကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်၏ကြီးကြပ်မှုဖြင့် ဧပြီ ၂၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး၊ ပြည်နယ်၊ တိုင်း လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ခရိုင်ဦးစီးအရာရှိများအား တွေ့ဆုံမှာကြားချက်များနှင့် ဧပြီ ၁၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြပါရှိသော ချစ်နိုင်(စိတ်ပညာ)၏ စည်းကမ်းရှိမှ ဆောင်းပါးဖတ်ပွဲကို ဧပြီ ၂၉ ရက် မွန်းလွဲ ၂နာရီက မြို့နယ်ရုံးခန်းမ၌ကျင်းပရာ ရုပ်/သံ(၃) ဒေါ်ခင်နီလာစိုးနှင့် ဝန်ထမ်းဒေါ်မာရီ၊ ဦးစိုင်းသန်းထွန်းတို့က ဖတ်ကြားကြသည်။ (၃၀၆)

တပ်ကုန်းထွေ/အုပ် ဝန်ထမ်းဝတ်စုံပေးအပ်

တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းဝတ်စုံ ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၂၇ ရက် နံနက် ၁၁ နာရီက တပ်ကုန်းမြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ် အုပ်ချုပ်ရေးမှူး ဦးနေအောင်၊ ဒုတိယ ဦးစီးမှူးများနှင့် ရုံးဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေအောင်က ဝန်ထမ်းများအား ဝန်ထမ်းသက်သာအတွက် ထောက်ပံ့ပစ္စည်းများ ပေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဝတ်စုံတစ်စုံစီ၊ ဆန်တစ်တင်းစီနှင့် မီးဖိုချောင်သုံးပစ္စည်းများ ဝယ်ရန် ငွေကျပ်တစ်သောင်းစီကို ဝန်ထမ်းများအား ပေးအပ်ကြောင်း သိရသည်။

(မြို့နယ် စာပေနှင့်စာနယ်ဇင်း)

ထပ်ပိုးလွှာတင်

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ရန်ကုန်–မန္တလေးလမ်းမကြီးနှင့် ၆၂လမ်း ဆက်သွယ်ထားသည့် ကားလမ်း တိုးချဲ့ခြင်း၊ ကျောက်ချောခင်းခြင်း၊ ထပ်ပိုးလွှာတင် နိုင်လွန်ကတ္တရာတင်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

လမ်းလုပ်ငန်းများ အခြေခံလွှာခင်းမှုအရေးပါ၊ အရည်အသွေးမီကျောက်များအသုံးပြု ကျောက်လွှာခင်းခြင်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်းများ တစ်ပြိုင်တည်းဆောင်ရွက် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် လမ်းတိုးချဲ့ခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေးမှာကြား

နေပြည်တော် မေ ၁၈

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့်အတူ တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၄ရက် နံနက်ပိုင်းက ရန်ကုန်–မန္တလေးကားလမ်းမကြီး တံခွန်တိုင်တံတားမှ စက်မှုဇုန် (၂) ကနောင်မင်းသားကြီးလမ်းအထိ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် အခြေခံကျောက်လွှာခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှေ့ဦးစွာတိုင်းမှူးအား လမ်းတံတားဌာနမှ အင်ဂျင်နီယာ ဒေါ်ဥမ္မာကျော်က လုပ်ငန်းပိုင်းအလိုက် နိုင်လွန်ကတ္တရာခင်းပြီးစီးမှုအခြေအနေနှင့် လမ်းသားခိုင်မာကောင်းမွန်ရေးအတွက် အခြေခံကျောက်လွှာခင်းနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

သတ်မှတ်ချိန်အမီ

ထို့နောက် တိုင်းမှူးက လုပ်ငန်းခွင်အတွင်း အခြေခံကျောက်လွှာခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းလုပ်ငန်းများတွင် အခြေခံလွှာခင်းခြင်းသည် အရေးပါသည့်အတွက် စံချိန်စံညွှန်းပြည့်မီသည့် ကျောက်များကို အသုံးပြုရေး၊ အခြေခံလွှာကောင်းမွန်ခြင်းမရှိပါက လမ်းသားများပျက်စီးပြီး ခိုင်မာမှုမရှိသဖြင့် ကတ္တရာများဆုံးရှုံးရသဖြင့် စနစ်တကျဆောင်ရွက်ရေး၊ သတ်မှတ်ချိန်အမီပြီးစီးရေးနှင့် ယာဉ်ယန္တရားများကို အကျိုးရှိရှိအသုံးပြုရေး မှာကြားသည်။

ဆောင်ရွက်မှု

အဆိုပါလမ်းသည် အရှည်ပေ ၈၅၀၀၊ အကျယ်ပေ၆၀ရှိပြီး လုပ်ငန်းပိုင်းများအလိုက် အခြေခံကျောက်လွှာခင်းခြင်းနှင့် နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းများကို တစ်ပြိုင်တည်းဆောင်ရွက်လျက်ရှိသည်။ ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ရန်ကုန်–မန္တလေးကားလမ်းမကြီးနှင့်၆၂လမ်းဆက်သွယ်သည့် အရှည်ပေ ၈၆၆၀နှင့် အကျယ်ပေ ၃၀ ကားလမ်းတိုးချဲ့ခြင်း၊ ထပ်ပိုးလွှာတင် နိုင်လွန်ကတ္တရာတင်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

အလေအလွင့်

ထို့နောက် တိုင်းမှူးက ယာဉ်ကြီးများသွားလာရာတွင် ကားလမ်းအားဖြတ်သန်းသွယ်တန်းထားသည့် လျှပ်စစ်ဓာတ်အားလိုင်းများ လွတ်ကင်းမှုမရှိသည့် နေရာများတွင် တာဝန်ရှိသည့်ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရေး၊ လမ်းဘေးဝဲယာရေနုတ်မြောင်းများကို စနစ်တကျ ဆောင်ရွက်ရေး၊ အလေအလွင့် နည်းပါးရေးတို့အတွက် တာဝန်ကျ အင်ဂျင်နီယာများက ကြီးကြပ်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့သည် သိပ္ပံလမ်းမြောက်ဘက်ခြမ်းရှိ ၆၉လမ်းမှ ရန်ကုန်– မန္တလေးကားလမ်းဘေး ကိုလံဘိုမြောင်းမကြီးအတွင်းသို့ စီးဝင်သည့် အရှည်ပေ ၄၂၀၀၊ အကျယ် ၁၀ပေရှိ ရေနုတ်မြောင်းကျောက်ရိုးစီခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ လမ်းတံတားဌာနခွဲမှူး ဦးဝင်းမော်နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးမောင်ပုတို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး မြို့တော်ဝန်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က မိမိတာဝန်ယူဆောင်ရွက်ရသော လုပ်ငန်းအပိုင်းများအလိုက် အကောင်းဆုံးဖြစ်ရေး၊ စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ချိန်အမီပြီးစီးရေးတို့အတွက် တာဝန်ကျ အင်ဂျင်နီယာများက ကြီးကြပ်ဆောင်ရွက်ရန် မှာကြားပြီး ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် ဇော်ဂျီဦးခန်းမ၌ ပြည်သူများထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်နေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနေမှု ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ဝင်းစိန် ကြည့်ရှုစစ်ဆေး၊ လုပ်ငန်းဆိုင်ရာများမှာကြား

ရန်ကုန် မေ ၁၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်သည် တာဝန်ရှိသူများလိုက်ပါလျက် မေ၁၃ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ညောင်ရွှေမြို့သို့ရောက်ရှိ၍ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ နိုင်ငံသား စိစစ်ရေးကတ်ပြား မှန်မှန်နှင့် မြန်မြန်ထုတ်ပေးရေး လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်သည် မြို့နယ်ပြည်သူများမှ အသက်၁၀နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား၊ အသက်၁၈နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားလာမှုနှင့် ပျောက်ဆုံး၊ ပျက်စီးကတ်ပြားများမိတ္တူလျှောက်ထားလာမှုနှင့်စပ်လျဉ်း၍ လုပ်ငန်းများစနစ်တကျ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် စိစစ်လက်မှတ်ရေးထိုးပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ရှမ်းပြည်နယ်(တောင်ပိုင်း)ပြည်နယ် ဦးစီးဌာနမှူး ဦးသောင်းရွှေနှင့် ခရိုင်ဦးစီးမှူး ဦးမြင့်ရွှေတို့က သက်ဆိုင်ရာ ပြည်သူများထံ ပေးအပ်နေမှုကို လည်းကောင်း၊ ယင်းညောင်ရွှေမြို့နယ် ဦးစီးဌာနမှူးရုံး၊ မှတ်တမ်းခန်းမရှိ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းဆိုင်ရာ စာရွက်စာတမ်းများ ထိန်းသိမ်းထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

စနစ်တကျဆောင်ရွက်

ဒုတိယဝန်ကြီးသည် မေ၁၄ရက်တွင် လွိုင်လင်မြို့သို့ ရောက်ရှိပြီး လွိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ လွိုင်လင်နှင့်လင်းခေးခရိုင်အတွင်းရှိ မြို့နယ်မှူးများနှင့်လည်းကောင်း၊ ဟိုပုံး၊ ဆီဆိုင်မြို့နယ်မှူးများအား ဟိုပုံးမြို့နယ်ခန်းမ၌လည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားလာမှုနှင့်စပ်လျဉ်း၍ လုပ်ငန်းများ စနစ်တကျဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးမှာကြားသည်။

ဒုတိယဝန်ကြီးသည် မေ၁၅ရက်တွင် ပင်းတယသို့ရောက်ရှိပြီး မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဇော်ဂျီဦးခန်းမ၌ လည်းကောင်း၊ ကလော၊ ပင်လောင်း၊ ဖယ်ခုံမြို့နယ်မှူးများအား ကလောမြို့နယ်ခန်းမ၌လည်းကောင်း တွေ့ဆုံမှာကြားပြီး ပင်းတယနှင့် ကလောမြို့နယ်ဦးစီးဌာနမှူးရုံးမှတ်တမ်းခန်းမရှိ စာရွက်စာတမ်းများ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထုတ်ပေးရေးဆွေးနွေး

ဒုတိယဝန်ကြီးသည် မေ၁၆ရက်တွင် တောင်ကြီးမြို့ ပြည်နယ်ခန်းမ၌ ပြည်နယ်ဦးစီးဌာနမှူး၊ ခရိုင်ဦးစီးဌာနမှူးများနှင့် မြို့နယ်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ နိုင်ငံသားစိစစ်ရေးကတ်ပြား မှန်မှန်နှင့်မြန်မြန်ထုတ်ပေးရေး ဆွေးနွေးမှာကြားပြီး တောင်ကြီးမြို့၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးရုံး မှတ်တမ်းခန်းမရှိ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းဆိုင်ရာ စာရွက်စာတမ်းများ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မေ ၁၈

၂၀၀၇ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေ၃နာရီတွင် သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ် တပ်နယ်အားကစားကွင်း၌ ကျင်းပရာ ရေဝတီရေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့ရှိ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိစစ်သည်များ၊ မိသားစုများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်အားပေးကြသည်။

ပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆု၊ နေရာအလိုက် အကောင်းဆုံးအားကစားသမားဆုနှင့် တစ်ဦးချင်းဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလားဘောလုံးပြိုင်ပွဲတွင် အနိုင်ရရှိသွားသည့် အသင်းအား တံခွန်စိုက်ဖလားဆုကို ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေဝတီရေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်က ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ-အိန္ဒိယနှစ်နိုင်ငံချစ်ကြည်ရေးအမျိုးသားဘော်လီဘောပြိုင်ပွဲ ပဉ္စမနေ့ပြိုင်ပွဲအပြီးတွင် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းနှင့် အိန္ဒိယတက္ကသိုလ် ဘော်လီဘောအသင်းသားများကိုတွေ့ရစဉ်။ (ဘော်လီဘောအဖွဲ့ချုပ်)

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေး အမျိုးသားဘော်လီဘောပြိုင်ပွဲဆက်လက်ကျင်းပ

ရန်ကုန် မေ ၁၈

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေးအမျိုးသားဘော်လီဘောပြိုင်ပွဲကို ယနေ့ ညနေ၃နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဆက်လက်ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဇဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ဘော်လီဘောအားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အနိုင်ရရှိ

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေး အမျိုးသားဘော်လီဘောပြိုင်ပွဲ၏ ပဉ္စမနေ့ပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်လက်ရွေးစင်အသင်းနှင့် India University Champion ဘော်လီဘောအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်လက်ရွေးစင်အသင်းက ၂၅-၂၃မှတ်၊ ၂၅-၂၁ မှတ်၊ ၂၇-၂၅မှတ်ဖြင့် သုံးပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိသွားသည်။

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေးအမျိုးသားဘော်လီဘောပြိုင်ပွဲကို ငါးပွဲယှဉ်ပြိုင်ကစားကြရာ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်လက်ရွေးစင်အသင်းက ငါးပွဲစလုံး အနိုင်ရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်ရွေးစင်နှင့်လူငယ်လက်ရွေးစင်အသင်းဖွဲ့စည်းရန်ရည်ရွယ် လေးပွင့်ဆိုင်ခြေစမ်းဘောလုံးပြိုင်ပွဲကျင်းပမည်

သတင်းဆောင်းပါး - ကိုထွေး၊ ဓာတ်ပုံ - ကိုကိုစိုးညွန့်

ရန်ကုန် မေ ၁၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် လူငယ်လက်ရွေးစင်ဘောလုံးအသင်းများ ဖွဲ့စည်းရန်ရည်ရွယ်၍ လေးပွင့်ဆိုင်ခြေစမ်းဘောလုံးပြိုင်ပွဲကို မေ ၂၀ ရက်မှ ၂၇ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပွဲစဉ်များရေးဆွဲထားပြီးဖြစ်ရာ မေ ၂၀ရက်တွင် အဝါရောင်အသင်းနှင့် အစိမ်းရောင်အသင်း၊ မေ၂၁ရက်တွင် အနီရောင်အသင်းနှင့် အဖြူရောင်အသင်း၊ မေ၂၃ရက်တွင် အနီရောင်အသင်းနှင့် အစိမ်းရောင်အသင်း၊ မေ၂၄ ရက်တွင် အဝါရောင်အသင်းနှင့် အဖြူ

မျိုးမင်းထွန်း

အနီရောင်အသင်းမှ ပါဝင်ကစားမည့် မျိုးမင်းထွန်း။

(ဓာတ်ပုံ-ကိုကိုစိုးညွန့်)

ရောင်အသင်း၊ မေ၂၆ရက်တွင် အစိမ်းရောင်အသင်းနှင့် အဖြူရောင်အသင်း၊ မေ၂၇ရက်တွင် အနီရောင်အသင်းနှင့် အဝါရောင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ပွဲစတင်ချိန်မှာ ညနေ ၄နာရီ ဖြစ်သည်။

အနီရောင်အသင်း

အနီရောင် ဘောလုံးအသင်းတွင် **(ဂိုး)**ကျော်ဇင်ထက်၊ ဟိန်းကျော်သူ၊ **(နောက်တန်း)** ဟန်ဝင်းအောင်၊ ဇော်ထက်အောင်၊ ထူးကျော်၊ မိုးဝင်း၊ အေးဆန်း၊ ခင်မောင်လွင် **(အလယ်တန်း)** ရာဇာဝင်းသိန်း၊ အောင်မျိုးသန့်၊ မျိုးမင်းထွန်း၊ ကျော်ဌေးဦး၊ နေဝင်း၊ စိုးသီဟအောင်၊ **(ရှေ့တန်း)** ပိုင်စိုး၊ လှအေးထွေး၊ ရဲဝေယံစိုး၊ တင်အောင်မိုး တို့ပါဝင်ကြသည်။

အနီရောင်အသင်းကို နည်းပြချုပ်အဖြစ် မားကိုစ်အန်တိုနီယို(ဘရာဇီး)၊ လက်ထောက်နည်းပြများအဖြစ်ဦးဉာဏ်ဝင်း၊ ဦးအောင်နိုင်နှင့် ဦးမျိုးချစ်(ဂိုး) တို့က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်သည်။ အနီရောင်အသင်းသည် မကြာမီက မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့သော ဘရာဇီးလူမျိုး နည်းပြ မားကိုစ်အန်တိုနီယို လေ့ကျင့်ပေးလျက်ရှိသည့် မြန်မာ (ယူ-၂၃)အသင်းမှ အားကစားသမားများ ပါဝင်သော အသင်းဖြစ်သည်။

အဖြူရောင်အသင်း

အဖြူရောင်ဘောလုံးအသင်းတွင် **(ဂိုး)**ကျော်မင်းလှိုင်၊ ဇော်မိုးထက်၊ **(နောက်တန်း)** ကျော်ဒွန်း၊ နေလင်းထိုက်၊ ဇော်ခါ၊ မင်းသူ၊ ဇော်လင်းထွန်း(၂)၊ နေဝင်းအောင်၊ **(အလယ်တန်း)** ရာဇာစိုး၊ နိုင်ဝင်း၊ အောင်သန်းဝင်း၊ စည်သူမောင်၊ အောင်ရဲထွဋ်၊ ပြည့်ဖြိုးဦး၊ **(ရှေ့တန်း)** စိုင်းသန်းအောင်၊ မင်းမင်းထွန်း၊ သူရိန်စိုး၊ ကျော်သီဟတို့ ပါဝင်ကြသည်။

အဖြူရောင်ဘောလုံးအသင်းကို နည်းပြချုပ်အဖြစ် ဦးတင်ဟန်၊ လက်ထောက်နည်းပြအဖြစ် ဦးဌေးမြင့်တို့က တာဝန်ယူ ဆောင်ရွက်ကြမည်ဖြစ်သည်။

အစိမ်းရောင်အသင်း

အစိမ်းရောင်ဘောလုံးအသင်းတွင် **(ဂိုး)** သီဟစည်သူ၊ ညီညီလွင်၊ **(နောက်တန်း)** ချမ်းချမ်း၊ ဝင်းမင်းထွဋ်၊ ကျော်ဇေယျာဝင်း၊ မင်းကိုကို၊ မျိုးဇော်ထွန်း၊ ကျော်ခိုင်ဝင်း၊ **(အလယ်တန်း)** အောင်မြင့်အေး၊ စိုးလင်းထွန်း၊ ထွန်းထွန်းဝင်း၊ အောင်ကိုမင်း၊ ညွန့်ဝင်း၊ အောင်ကျော်ထွန်း၊ **(ရှေ့တန်း)** ရန်ပိုင်၊ စိုးမြတ်မင်း၊ စည်သူသန်း၊ ဟိန်းရာဇာဝင်းတို့ ပါဝင်ကြသည်။

ရာဇာဝင်းသိန်း

အနီရောင်အသင်းမှ ပါဝင်ကစားမည့် ရာဇာဝင်းသိန်း ဂိုးသွင်းလေ့ကျင့်ဟန်။

(ဓာတ်ပုံ-ကိုကိုစိုးညွန့်)

အဝါရောင်အသင်းမှ ပါဝင်မည့် ဂိုးသမားဖြိုးမင်းမောင် ဂိုးဖမ်းလေ့ကျင့်နေစဉ်။ (ဓာတ်ပုံ-ကိုကိုစိုးညွန့်)

အစိမ်းရောင်ဘောလုံးအသင်းကို နည်းပြချုပ်အဖြစ် ဦးစိုးမြင့်လွင်၊ လက်ထောက်နည်းပြအဖြစ် ဦးဇော်ဝင်းထွန်းတို့က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်သည်။

အဝါရောင်အသင်း

အဝါရောင်ဘောလုံးအသင်းတွင် **(ဂိုး)** အောင်အောင်ဦး၊ ဖြိုးမင်းမောင်၊ **(နောက်တန်း)**ခင်မောင်ထွန်း၊ အောင်ထွန်းလင်း၊ သူရအောင်၊ အောင်ဝင်းနိုင်၊ တိုးမြင့်လှိုင်၊ ကျော်ဇေယျာမင်း၊ **(အလယ်တန်း)** ထွန်းလင်းအောင်၊ ကျော်သက်ဦး၊ မျိုးဇော်ဦး၊ အောင်မိုး၊ ညီညီစိုး၊ ထက်အောင်၊ **(ရှေ့တန်း)** ကျော်ဇင်ဝင်း၊ စိုးမင်းဦး၊ ကျော်ကျော်ခိုင်၊ အောင်ကျော်မျိုးတို့ပါဝင်ကြသည်။

အဝါရောင်ဘောလုံးအသင်းကို နည်းပြချုပ်အဖြစ် ဦးခင်မောင်တင့်၊ လက်ထောက်နည်းပြအဖြစ် ဦးကျော်လွင်တို့က တာဝန်ယူဆောင်ရွက်ကြမည် ဖြစ်သည်။

နိုင်ငံတကာပြိုင်ပွဲများ

၂၀၀၇ ခုနှစ်အတွင်း၌ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့်လူငယ်လက်ရွေးစင် ဘောလုံးအသင်းများ ယှဉ်ပြိုင်ရမည့် နိုင်ငံတကာဘောလုံးပြိုင်ပွဲများ ပေါ်ထွက်နေပြီဖြစ်သည်။ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် မလေးရှားနိုင်ငံ၌ ကျင်းပမည့် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲ၌ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာလူငယ် လက်ရွေးစင်ဘောလုံးအသင်းများသည် အာဆီယံဘောလုံးအဖွဲ့ချုပ် (AFF)က ကျင်းပမည့် သက်တန်းအလိုက် ဘောလုံးပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ(ယူ-၂၃) ဘောလုံးအသင်းသည် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို ဘောလုံးပြိုင်ပွဲနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲတို့၌ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသည်။ ယခု လေးပွင့်ဆိုင် ခြေစမ်းဘောလုံးပြိုင်ပွဲအပြီးတွင် ဘရာဇီးလူမျိုး နည်းပြမားကိုစ်အန်တိုနီယို စိတ်ကြိုက်အားကစားသမားများ ထပ်မံရွေးချယ်ပြီး မြန်မာ(ယူ-၂၃) လက်ရွေးစင်အသင်းကို ပြန်လည်ဖွဲ့စည်းမည်ဖြစ်သည်။

အုပ်စုပွဲစဉ်များ

မြန်မာ(ယူ-၂၀) အသင်းသည် အာဆီယံ (ယူ-၂၀) ဘောလုံးပြိုင်ပွဲအဖြစ် လာအို၊ မလေးရှား၊ စင်ကာပူ၊ ဘရူနိုင်းတို့နှင့်လည်းကောင်း၊ မြန်မာ(ယူ-၁၇)အသင်းသည် အာဆီယံ (ယူ-၁၇)ဘောလုံးပြိုင်ပွဲအဖြစ် ဗီယက်နမ်၊ စင်ကာပူ၊ လာအို၊ အရှေ့တီမောတို့နှင့်လည်းကောင်း အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

လေးပွင့်ဆိုင် ခြေစမ်းဘောလုံးပြိုင်ပွဲသည် လူရွေးပွဲဖြစ်သည်နှင့် အညီ အကြိတ်အနယ် ပွဲကောင်းများ ကြည့်ကြရမည်ဖြစ်ကြောင်း ဝါသနာအိုးတို့အတွက် သတင်းစကားပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ သစ်ပုတ်ပင်ကျေးလက်ဖွံ့ဖြိုးရေး ချောင်းကူးတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိကြောင်း ယင်းသို့ဆောင်ရွက်လျက်ရှိရာတွင် အကြားအလပ်မရှိစေရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ကျေးလက်ဖွံ့ဖြိုးရေး (၅)ရပ် အစီအမံများ ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း။

ပြည်သူများဆန္ဒပြည့်ဝ

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်က မိမိ သစ်ပုတ်ပင်သို့ ရောက်စဉ်က ကျေးရွာလူထုမှ ကျေးလက်ဖွံ့ဖြိုးရေး လိုအပ်ချက်များ ပြောကြားကြရာတွင် အရေးကြီးဆုံး ကိစ္စမှာ ရွာ၏အလယ် ဖြတ်သန်းစီးဆင်းနေသည့် သစ်ပုတ်ပင်ချောင်းကို လူကူးတံတား ဆောက်လုပ်လိုသည့် ကိစ္စနှင့် ကောင်းမွန်လျင်မြန်သည့် ဆက်သွယ်ရေးစနစ်ရရှိလိုသည့် ကိစ္စများပင်ဖြစ်ကြောင်း၊ ယနေ့အချိန်တွင် ပြည်သူလူထု၏ ဆန္ဒများပြည့်ဝခဲ့ပြီး ချောင်းကူးတံတားကြီးနှင့်ဆက်သွယ်ရေးအိတ်ချိန်းရုံးခွဲများ တည်ဆောက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

သစ်ပုတ်ပင် ချောင်းကူးတံတားသည် အရှည်ပေ ၂၅၀၊ အကျယ်လေးပေရှိသည် သံလမ်း၊ သံပေါင်၊ ကြိုးဆိုင်းလူကူးခုံးတံတားဖြစ်ကြောင်း၊ သစ်မျှောချောင်းဖြစ်၍ ရေလမ်းကင်းလွတ်အကျယ်ပေ ၁၄၀၊ ရေလမ်းကင်းလွတ်အမြင့် ၁၂ ပေရအောင် ဒီဇိုင်းရေးဆွဲ တည်ဆောက်ထားကြောင်း၊ အုတ်မြစ်အမျိုးအစားမှာ လွန်တူး (Bore Pile) အမျိုးအစားဖြစ်ပြီး သတ်မှတ်ချက်အတိုင်း မြေအဝင် ပေ၉၀အထိ ဆောင်ရွက်ထားသဖြင့် လေဒဏ်၊ မိုးဒဏ်၊ သဘာဝဘေးအန္တရာယ်များကို စိုးရိမ်ကြောင့်ကြရန် မရှိတော့ကြောင်း။

နိုင်ငံတော်က တိုတောင်းသည့် ကာလအတွင်းတွင် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် စီမံကိန်းများ ချမှတ် ဆောင်ရွက် နေသကဲ့သို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည်လည်း ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာအောင် ကျေးလက် ဖွံ့ဖြိုးရေး(၅)ရပ်အစီအစဉ်များ ချမှတ်ပြီး ထပ်ဖြည့်ဆောင်ရွက်ခဲ့သဖြင့် ယခုကဲ့သို့ အသီးအပွင့်များ ရရှိခြင်းပင် ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ပြည်သူလူထုများအနေဖြင့်–

- နိုင်ငံတော်၏စေတနာကို သိရှိပြီး နိုင်ငံတော်၏ သစ္စာကို စောင့်သိရှိသေကြပါ၊
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးနှင့်အတူ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ကြပါ

ဟု တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူတစ်ဦးက သစ်ပုတ်ပင်ကျေးရွာ ကျေးလက်ဖွံ့ဖြိုးရေး ချောင်းကူးတံတားနှင့် ဆက်သွယ်ရေးအိတ်ချိန်းရုံးခွဲ ဖွင့်လှစ်ပေးခြင်းအတွက်ကျေးလက်ပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ တိုင်းမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူးများ၊ ဗဟို အလုပ်အမှုဆောင်များနှင့် ဧည့်သည်တော်များသည် သစ်ပုတ်ပင်ကျေးရွာရှိ ကျေးလက်ဖွံ့ဖြိုးရေး ချောင်းကူးတံတားရှေ့သို့ သွားရောက်နေရာယူကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း၊ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့်ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က သစ်ပုတ်ပင် ကျေးလက်ဖွံ့ဖြိုးရေး ချောင်းကူးတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် သစ်ပုတ်ပင် ကျေးလက်ဖွံ့ဖြိုးရေး ချောင်းကူး တံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြပြီး ကျေးလက်နေပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ သစ်ပုတ်ပင်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ သစ်ပုတ်ပင်ကျေးရွာ ဆက်သွယ်ရေး အိတ်ချိန်းရုံးခွဲ ဖွင့်ပွဲအခမ်းအနားကို အိတ်ချိန်းရုံးခွဲရှေ့၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က အိတ်ချိန်းရုံးခွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သစ်ပုတ်ပင် ကျေးရွာဆက်သွယ်ရေး အိတ်ချိန်းရုံးခွဲအတွင်း ဝင်ရောက်ကြည့်ရှုစစ်ဆေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုဖွင့်လှစ်လိုက်သော သစ်ပုတ်ပင်ကျေးရွာ ကျေးလက်ဖွံ့ဖြိုးရေး ချောင်းကူးတံတားသည် ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် သစ်ပုတ်ပင်ကျေးရွာ အလယ်ရှိ သစ်ပုတ်ပင်ချောင်းပေါ်တွင် တည်ဆောက်ထားသော အရှည်ပေ ၂၅၀၊ အကျယ် လေးပေရှိ သံလမ်း သံပေါင်ကြိုးဆိုင်းခုံးတံတားအမျိုးအစားဖြစ်ပြီး တံတားအောက်ရှိ ရေလမ်းကင်းလွတ်နယ်မြေ မှာ အမြင့်၁၂ပေနှင့် အကျယ်ပေ ၁၄၀ရှိသည်။ ထို့အတူ သစ်ပုတ်ပင် ဆက်သွယ်ရေးအိတ်ချိန်းရုံးခွဲတွင် လက်လှည့်အိတ်ချိန်း တယ်လီဖုန်း အလုံး၅၀နှင့် အော်တိုတယ်လီဖုန်းနှစ်လုံးတို့ကို တပ်ဆင်ပေးနိုင်ခဲ့ပြီဖြစ်၍ ကျေးလက်ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကောင်းများ ရရှိပြီဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ပျဉ်းမနားခရိုင်နှင့် လယ်ဝေးမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ စည်းရုံးရေးမှူးများနှင့် အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သစ်ပုတ်ပင်ကျေးရွာ ကျေးလက်ဖွံ့ဖြိုးရေး ချောင်းကူးတံတားနှင့် ဆက်သွယ်ရေးအိတ်ချိန်းရုံးခွဲ ဖွင့်ပွဲအခမ်းအနားကို နံနက် ၈နာရီတွင် သစ်ပုတ်ပင်ဘုတာ၌ကျင်းပရာ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အမှာစကားပြောကြားရာတွင် ယနေ့မြန်မာနိုင်ငံတော်ကြီး၏ တစ်လျှားတစ်နံ နယ်မြေဒေသအားလုံး ဟန်ချက်ညီညီ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသအလိုက် လိုအပ်ချက်များကို လေ့လာဖော်ထုတ် ဆောင်ရွက်ပေးနေသည်ကို အားလုံး အသိပင်ဖြစ်ကြောင်း၊ **နိုင်ငံတော်နှင့် ပြည်နယ်နှင့်တိုင်း ဒေသများအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးရေးဇုန် ၂၄ခု သတ်မှတ်ပြီး နယ်စပ်ဒေသမကျန် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။**

တစိုက်မတ်မတ်ဆောင်ရွက်

ထို့အပြင် ပြည်နယ်နှင့်တိုင်း ဒေသတစ်ခုနှင့်တစ်ခုအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်မရှိစေရန် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် ရည်ရွယ်ချက်နှင့် နယ်စပ်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာပြည်တွင် တစ်မြေတည်းနေ တစ်ရေတည်းသောက်သုံးကြသော တစ်အူထုံ့ဆင်းတိုင်းရင်းသားညီအစ်ကို မောင်နှမများ ပိုမိုစည်းလုံးချစ်ခင်ရန် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိလာစေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ စာကြည့်တိုက်များ တည်ဆောက်ရေး၊ တံတားကြီး၊ တံတားငယ်များ တည်ဆောက်ရေး ကဏ္ဍစုံအသီးသီးတွင် နောက်ကျ မကျန်ရစ်ခဲ့ရန် တစိုက်မတ်မတ် ဆောင်ရွက်ပေးခဲ့ကြောင်း။

နိုင်ငံတော်ကြီးတစ်ခုလုံး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်၏ လူဦးရေ ၇၀ ရာခိုင်နှုန်းကျော် နေထိုင်သည့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတော်ကြီးတစ်ခုလုံး ဖွံ့ဖြိုးမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း(၅)ရပ် ချမှတ်ခဲ့ရာတွင် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ရေရရှိရေး၊ ပညာရေးအဆင့်အတန်းမြင့်မားရေး၊ ကျန်းမာရေးစောင့်ရှောက်မှုမြင့်မားရေး၊ စီးပွားရေးခိုင်မာတောင့်တင်းရေး စသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ်နှင့်အတူ ကျေးလက်မီးလင်းရေး၊ ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ရေး၊ ဒီဇယ်ဆီအစားထိုး ဇီဝလောင်စာကြက်ဆူပင်စိုက်ပျိုးရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း။

တည်ဆောက်ပေး

ကျေးလက်သည် နိုင်ငံတော်၏ အခြေခံအကျဆုံးဒေသဖြစ်သည့်အတွက် ကျေးလက်မှ မြို့နယ်၊ မြို့နယ်မှ ခရိုင်၊ ခရိုင်မှ ပြည်နယ်နှင့်တိုင်း၊ ပြည်နယ်နှင့်တိုင်းမှ ဗဟိုအဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးမှုလုပ်ငန်းများကိုတစ်နိုင်ငံလုံးကွက်လပ်မကျန်ရအောင် ဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်ရုံသာမက လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများကပါ အင်တိုက်အားတိုက် ပါဝင်လှုပ်ရှား ဆောင်ရွက်နေကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ယနေ့ဆိုလျှင်လည်း ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် သစ်ပုတ်ပင်ကျေးရွာ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ သွားလာမှု လွယ်ကူစေရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးအနေဖြင့် ချောင်းကူးတံတားတစ်စင်းနှင့်အတူ သစ်ပုတ်ပင်ကျေးရွာပြည်သူများ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအတွက် အထောက်အကူဖြစ်စေမည့် အလွယ်တကူ ဆက်သွယ်ပြောဆိုနိုင်သည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လက်လှည့် အိတ်ချိန်းရုံးခွဲတစ်ခုကိုလည်း တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ပျဉ်းမနားခရိုင်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ ပျဉ်းမနားမြို့နယ် အရှေ့ဘက် တောင်ပေါ်ကျေးရွာများတွင် ရေအားလျှပ်စစ်များကို တည်ဆောက်ပေးနိုင်ခဲ့သည့်နည်းတူ ကျေးလက် စာကြည့်တိုက်များကိုလည်း မကြာသေးမီကာလက တည်ဆောက်ပေးနေသည်ကို တွေ့ရှိနိုင်ကြောင်း။

ထိုနည်းတူစွာပင် စီးပွားရေးခိုင်မာတောင့်တင်းရေးဆိုသည့် အချက်ဖြစ်သည့် တောင်သူများ စိုက်ပျိုးရေးနှင့် ပတ်သက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ကူညီဆောင်ရွက်ပေးနေသည်လည်း ရှိပါကြောင်း၊ နွှေစပါး၊ မိုးစပါးစိုက်တောင်သူများကိုလည်း စိုက်ပျိုးရေးအတွက် အထောက်အကူရရှိစေနိုင်ရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိနေသည်ကိုလည်း တွေ့ရှိရပါကြောင်း။

ဆောင်ရွက်လျက်ရှိ

ပညာရေးနှင့် ပတ်သက်၍လည်း ကျောင်းဥပမိရပ်ကောင်းမွန်တိုးတက်ရေးကို ဆောင်ရွက်ပေးနေသည့်အပြင် ကျောင်းများလိုအပ်နေသည့် စာသင်ခုံများကိုလည်း ဆောင်ရွက်ပေးလျက်ရှိနေသည်ကိုလည်း တွေ့ရှိကြရမည် ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ နေပြည်တော်ဒေသ ပျဉ်းမနားခရိုင်အတွင်းရှိ ကျေးရွာဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့်အတူ ပြည်သူများက လက်တွဲပြီး ကျေးလက်ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းစဉ်များကို အားတက်သရော ကြိုးပမ်းဆောင်ရွက်ကြပါ၊ ယခုဖွင့်လှစ်လိုက်သည့် သစ်ပုတ်ပင် ကျေးရွာ ချောင်းကူးတံတားကြီးနှင့် လက်လှည့်အိတ်ချိန်းကိုလည်း ပြည်သူအများက ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြပါဟု ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံတော်က ချမှတ်ဆောင်ရွက်နေသော ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အမျိုးသားရေးတာဝန်အဖြစ် ခံယူ၍ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် အောင်မြင်အောင် ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က သစ်ပုတ်ပင်ကျေးရွာ၌ ဆက်သွယ်ရေးအိတ်ချိန်းရုံးခွဲ ဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက သစ်ပုတ်ပင်ကျေးရွာ ကျေးလက်ဖွံ့ဖြိုးရေး ချောင်းကူး တံတား တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ၌ ယနေ့သည် ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် သစ်ပုတ်ပင်ကျေးရွာနေနှင့် အလွန်အင်မတန် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် နေ့တစ်နေ့ဟု ဆိုရမည် ဖြစ်ကြောင်း၊ အဘယ့်ကြောင့်ဆိုပါလျှင် ဤဒေသတွင် နှစ်ပေါင်းများစွာ အနှစ်နှစ်အလလက တွေ့ကြုံနေရသည့် ဒုက္ခပေါင်းကို ချုပ်ငြိမ်းစေမည့် သစ်ပုတ်ပင်ချောင်းကူးတံတား တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် သွားလာမှု လွယ်ကူချောမွေ့သွားစေသည့် အပြင် ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး လုပ်ငန်းများကို အထောက်အကူ ဖြစ်စေသည့် ဆက်သွယ်ရေး အိတ်ချိန်း ရုံးခွဲအသစ်ပါ တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ဖြစ်ကြောင်း။

ပြည်နယ်/တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ ရန်ကုန်တိုင်းအမျိုးသား၊အမျိုးသမီးအသင်းဗိုလ်စွဲ

သတင်းမှတ်စုနှင့်ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် မေ ၁၈

အားကစား ဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် တတိယအကြိမ်မြောက် အသက် ၁၈နှစ်အောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီးဘတ်စကက်ဘော ဗိုလ်လုပွဲကို အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသား၊ အမျိုးသမီးအသင်း**(အောက်ပုံ)** က ဗိုလ်စွဲသွားပြီး ပထမတံခွန်စိုက်ဒိုင်းဆုကြီးကို ဆွတ်ခူးသွားကြသည်။

ပထမ

အမျိုးသား ဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းအသင်းက ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းကို ၇၂မှတ်–၃၃မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိပြီး ပထမရရှိသွားသည်။

ဒုတိယ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ပူးတွဲတတိယ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့ ရရှိသွားသည်။

အမျိုးသမီး

အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းအသင်းက စစ်ကိုင်းတိုင်းအသင်းကို ၆၆မှတ်–၅၆မှတ်ဖြင့် အနိုင်ရရှိ ဗိုလ်စွဲသွားသည်။ ရန်ကုန်တိုင်း အမျိုးသမီးအသင်းသည် သုံးနှစ်ဆက်တိုက် ဗိုလ်စွဲပြီး ဒိုင်းအပိုင်ရရှိသွားခြင်း ဖြစ်သည်။ စစ်ကိုင်းတိုင်းအသင်းကဒုတိယ၊ ပူးတွဲတတိယဆုကို ပဲခူးတိုင်းနှင့် မန္တလေးတိုင်းအသင်းတို့က ရရှိသွားကြသည်။

ဆုများရရှိကြ

ပြန်ကျဘောဖမ်းသူဆုကို အမျိုးသားပြိုင်ပွဲတွင် နေမျိုးမင်း ရန်ကုန်တိုင်းကလည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် အိမွန်ကျော်ဝင်း စစ်ကိုင်းအသင်းကလည်းကောင်း၊ အမျိုးသား ခံစစ်ဘော အကောင်းဆုံးအားကစားသမားဆုကို ကိုဌေးလွင် ရှမ်းပြည်နယ်(တောင်ပိုင်း)ကလည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် မေနှင်းဆီလွင် ရန်ကုန်တိုင်းကလည်းကောင်း၊ အမျိုးသား ထူးချွန်အားကစားသမားဆုကို ဆက်မွန်မင်း (ရန်ကုန်တိုင်း)နှင့် အမျိုးသမီး ထူးချွန်အားကစားသမားဆုကို ထိုက်ထိုက်သူ(ရန်ကုန်)တိုင်း တို့က အသီးသီး ဆွတ်ခူးသွားကြသည်။

ပေးအပ်ချီးမြှင့်

ဆုများကို အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိန်မြင့်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။ ။

(မြန်မာ့အလင်း)

ပန်းတိုင်သစ်စီမံကိန်း၏လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆက်လက်ကြိုးပမ်း ဘိန်းစိုက်ရာသီတွင် ဘိန်းခင်းများဖျက်ဆီးရေး ကြပ်ကြပ်မတ်မတ်ဆောင်ရွက်

နေပြည်တော် မေ ၁၈

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၀၇)ကို ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမဥ္စကျင်းပရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။ (အောက်ပုံ)

အဆိုပါ အစည်းအဝေးသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ မူးယစ်ဗဟိုအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစဉ်သုံးသပ်

အစည်းအဝေးတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အမှာစကားပြောကြားရာ၌ နိုင်ငံတော်အနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူဆောင်ရွက်ခဲ့ပြီး မိမိတို့မူးယစ်ဗဟိုအဖွဲ့ကိုလည်း ၁၉၇၆ ခုနှစ်ကပင် ဖွဲ့စည်းခဲ့ပြီး ကာလအခြေအနေများအရ လည်းကောင်း၊ လုပ်ငန်းအဖွဲ့များ လုပ်ငန်းအကောင်အထည်ဖော်ရာတွင် ထိရောက်စေရေးအတွက်လည်းကောင်း အချိန်အခါ အခြေအနေနှင့်အညီ အစဉ်သုံးသပ် ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း။

ထုတ်လုပ်မှု ပပျောက်ရေးလုပ်ငန်းအတွက် အဓိက တာဝန်ယူရသည့် လုပ်ငန်းအဖွဲ့ နှစ်ဖွဲ့ဖြစ်သော အစားထိုးစိုက်ပျိုးရေးလုပ်ငန်းအဖွဲ့နှင့် မွေးမြူရေးလုပ်ငန်းအဖွဲ့တို့အနေဖြင့်ဘိန်းစိုက်ပျိုးမှု တားဆီးရေးစီမံချက်ဖြစ်သည့် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းကို အထောက်အကူပြုရန်အတွက် ပန်းတိုင်သစ်စီမံကိန်း၏ လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အသစ်ပြန်လည်ဖွဲ့စည်းသည့် ပြည်နယ်နှင့်တိုင်း မူးယစ်အဖွဲ့များ၏ ဥက္ကဋ္ဌများသည် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်း ရဲတပ်ဖွဲ့မှူးများဖြစ်သည့်အတွက် ဘိန်းစိုက်ရာသီတွင် ဘိန်းခင်းများ ဖျက်ဆီးရေးကို ကြပ်ကြပ်မတ်မတ် ဆောင်ရွက်သွားရန် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် မူးယစ်ဗဟိုနှင့် မူးယစ်ဆေးဝါး ပပျောက်ရေးဌာနတို့က ညွှန်ကြားရန် လိုကြောင်း။

ပေါင်းစပ်ညှိနှိုင်း

ပန်းတိုင်သစ်စီမံကိန်း စတင်စဉ်ကတည်းက သီးနှံမျိုးစေ့များ ထုတ်ပေးပြီး ရိတ်သိမ်းချိန်တွင် ပြန်လည်သိမ်းယူသည့် စနစ်ကိုလည်း သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များ၏ကွပ်ကဲမှုဖြင့် မြို့နယ်နှင့်ကျေးရွာအဖွဲ့များကို ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ အစားထိုးသီးနှံစိုက်ပျိုးရေးအဖွဲ့အနေဖြင့်လည်း ပေါင်းစပ်ညှိနှိုင်းကွပ်ကဲသွားရန် လိုကြောင်း။

၁၉၉၉ ခုနှစ်မှစတင်ပြီး မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅) နှစ်စီမံကိန်းကို ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ စီမံကိန်းကြောင့် ဘိန်းစိုက်ပျိုးမှု တစ်နှစ်ထက်တစ်နှစ် ကျဆင်းလာသည်ကို သုံးသပ် တွေ့ရကြောင်း၊ ၂၀၀၁ ခုနှစ်မှ စတင်ပြီး ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံးနှင့် ပူးပေါင်းကာ တရားမဝင် ဘိန်းစိုက်ပျိုးမှု တိုင်းတာရေးလုပ်ငန်းများအရ ၂၀၀၁ ခုနှစ်တွင် ဟက်တာ ၁၀၅၀၀၀ စိုက်ပျိုးခဲ့ရာမှ နှစ်စဉ်ကျဆင်းလာခဲ့ကြောင်း၊ ၂၀၀၅ ခုနှစ်တွင် ဟက်တာ ၃၂၇၇၀ စိုက်ပျိုးပြီး ၂၀၀၆ ခုနှစ်တွင် ဟက်တာ ၂၀၅၀၀ စိုက်ပျိုးခဲ့သဖြင့် စိုက်ပျိုးမှု ၂၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းဖြင့် ကမ္ဘာ့မူးယစ်ဆေးဝါး နှစ်ပတ်လည်အစီရင်ခံစာတွင် အတိအလင်းထုတ်ပြန်ခဲ့ကြောင်း၊ ဘိန်းထုတ်လုပ်မှုအနေဖြင့်လည်း တိုင်းတာခဲ့သည့် ခြောက်နှစ်တာ ကာလအတွင်းတွင် ၆၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံ (မြောက်ပိုင်း) ဘိန်းစိုက်ပျိုးမှုကြီးကြပ်ရေးနှင့် ဂြိုဟ်တုဓာတ်ပုံဖြင့် အကဲဖြတ်တိုင်းတာရေးလုပ်ငန်းကို ယခုနှစ်ဦးပိုင်းတွင် စတင်လုပ်ဆောင်ခဲ့ရာ၌ တရားဝင် မထုတ်ပြန်နိုင်သေးသော်လည်း ကျဆင်းသည်ဟု သိရကြောင်း။

စည်းရုံးဆောင်ရွက်

ဆေးကုသရေး လုပ်ငန်းအဖွဲ့အနေဖြင့် မူးယစ်ဆေးဝါး အကြောထဲ ထိုးသွင်းသူများတွင် ဖြစ်ပွားသည့် HIV ကူးစက်မှုအန္တရာယ် လျှော့ချရေး လုပ်ငန်းများကို UNODC နှင့် နိုင်ငံတကာ အစိုးရမဟုတ်သည့် အဖွဲ့ NGO များနှင့် ပူးပေါင်းဆောင်ရွက်နေရာတွင် နည်းပညာပိုင်းနှင့် လက်တွေ့ပိုင်းတွင်ပါ ကျွမ်းကျင်ပြီး ဖြစ်သည့်အတွက် နိုင်ငံတကာ လက်ခံကျင့်သုံးသည့် နည်းစနစ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားရန်နှင့် ထပ်မံတိုးချဲ့ဆောင်ရွက်သွားနိုင်ရန်အတွက် သက်ဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ပြန်လည်ထူထောင်ရေးစခန်းများအတွက်လည်း သင်တန်းသားရရှိရေးကိုပါ ပံ့ပိုးစည်းရုံး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ကျောင်းသားလူငယ်များ အသိပညာပေးရေးလုပ်ငန်းအဖွဲ့ အနေဖြင့်လည်း (MANA) ကဲ့သို့ပြည်တွင်း NGO အဖွဲ့များနှင့် လက်တွဲပြီး မူးယစ်ဆေးဝါးအသိ ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ရင်း ဆရာ ဆရာမများအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပြည့်ဝစေရန်အတွက်ပညာပေးသင်တန်းအတွက် အများအမှန် မခွဲခြားနိုင်ဘဲ သံသယဝင်နေကြကြောင်း၊ မိမိတို့၏ အမှန်တကယ် မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်ချက် သတင်းမှန်များကို တုံ့ပြန်ရှင်းလင်းရန် လိုအပ်ကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှု အခြေခံစာရင်း Base Line Data ကောက်ယူရေး လုပ်ငန်းသည် မူးယစ်ဆေးဝါးပပျောက်ရေးတွင် အဓိကအချက်ဖြစ်ကြောင်း၊ အခြေခံစာရင်း ကောက်ယူရေးတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် Law Enforcement Sector ကို အဓိကထား ဆောင်ရွက်နေသည့်အတွက် များကို ဆက်လက်ပို့ချရန် လိုအပ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးကို အစွမ်းကုန် ကြိုးစားနေသော်လည်း မြန်မာနိုင်ငံအပေါ် အမြင်ကြည်လင်မှုမရှိသည့် အနောက်နိုင်ငံအချို့၏ ဩဇာလွှမ်းမိုးမှုအောက်မှ ပုဂ္ဂိုလ်အချို့နှင့် အဖွဲ့အစည်းအချို့တို့က မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကြိုးပမ်းမှုများကို အဆိုးမြင်ရှုထောင့်မှနေပြီး မဟုတ်မမှန် စွပ်စွဲပြောဆိုမှုများ ပြုလုပ်နေကြသည့်အတွက် စာရင်းကောက်ယူရေးတွင် ရှေ့ဆောင်ရန် အဆင်မပြေကြောင်း၊ ဆေးကုသရေးလုပ်ငန်းအဖွဲ့နှင့် MANA တို့ ပူးပေါင်းပြီး အခြေခံစာရင်း ကောက်ယူရေးလုပ်ငန်းကို ဆောင်ရွက်စေလိုကြောင်း။

လုပ်ငန်းများမြန်ဆန်လာမည်

မူးယစ်ဆေးဝါး အမှုများကို တရားစွဲ တင်ပို့ရာတွင် ဥပဒေအကြံပေးကတောင်းခြင်း၊ တရားစွဲတင်ခြင်းတို့နှင့် ပတ်သက်၍ ဥပဒေရုံး၊ တရားရုံးအဆင့်ဆင့်တို့နှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ယခု ပြင်ဆင်ဖွဲ့စည်းသည့် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့အစည်းအဆင့်ဆင့်တွင် ဥပဒေဝန်ထမ်းနှင့် တရားရုံးဝန်ထမ်းအသီးသီးမှ ပုဂ္ဂိုလ်များ ပါဝင်လာသည့်အတွက် လုပ်ငန်းများ မြန်ဆန်သွက်လက်လာမည်ဟု မျှော်လင့်ကြောင်း ပူးပေါင်းဆောင်ရွက်ကြရန်လည်း တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။ ထို့နောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဝန်ကြီး ဦးဉာဏ်ဝင်းတို့က ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲမှူးကြီး ခမ်းအောင်က ၂၀၀၆ခုနှစ် ဩဂုတ် ၅ ရက်တွင် ကျင်းပခဲ့သည့် မူးယစ်ဗဟိုအဖွဲ့ အထူးအစည်းအဝေး (၁/၂၀၀၆) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများက မိမိတို့အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

(သတင်းစဉ်)

ရန်ကင်းမြို့နယ် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေးသင်တန်းဖွင့်

ရန်ကုန် မေ ၁၈

ရန်ကင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၂၈)ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက အမှတ်(၁၂)ရပ်ကွက် သာသနာရောင်ခြည်မဏ္ဍာရုံတွင် ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တိုင်းအလုပ်အမှုဆောင် ဦးတင်အောင်၊ အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် ခရိုင်အလုပ်အမှုဆောင်များ၊ ရန်ကင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် မြို့နယ်အလုပ်အမှုဆောင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှ ဒုတပ်ရင်းမှူး ဦးမျိုးမြင့်၊ စာပေနှင့်စာနယ်ဇင်းမှ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး၊ ရပ်ကွက်စည်းရုံးရေးမှူးနှင့် အမှုဆောင်များ၊ သင်တန်းသူ သင်တန်းသား ၆၀ တို့ တက်ရောက်ကြသည်။ အခမ်းအနားတွင် ရန်ကုန်တိုင်းအလုပ်အမှုဆောင် ဦးတင်အောင်က သင်တန်းဖွင့်အမှာစကားပြောပြီး **(အောက်ပုံ)** သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်မည်ဖြစ်သည်။ **(က-ပ)**

သဲအင်းဂူဆရာတော်ပူဇော်ပွဲနှင့် ပဒေသာပင်စိုက်ထူပွဲ

ရန်ကုန် မေ ၁၈

ရန်ကုန်တိုင်း မော်ဘီမြို့နယ်ရှိ မူလသဲအင်းဂူဆရာတော်ကြီး ဦးဥက္ကဋ္ဌ တည်ထောင်တော်မူခဲ့သော မူလသဲအင်းဂူ ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်ကြီးတွင် မူလသဲအင်းဂူဆရာတော်ကြီးအားပူဇော်ပွဲ၊ သဲအင်းဂူပရိယတ္တိ သာသနာ့နုဂ္ဂဟငွေပဒေသာပင် စိုက်ပျိုးလှူဒါန်းပွဲ၊ တိုးချဲ့ဆောက်လုပ်ပြီးစီးသွားသော နှစ်ထပ်အရိယာသိမ်တော်ကြီးနှင့် ဝါတွင်းအထူးအဓိဋ္ဌာန်ဂူကျောင်းများ ရေစက်ချပွဲမင်္ဂလာအခမ်းအနားများကို ဇွန် ၁ ရက်(သောကြာနေ့) နံနက် ၉ နာရီတွင် သဲအင်းဂူအရိယာဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များနှင့် ဧည့်ပရိသတ်များကြွရောက်ကြည်ညိုကြပါရန်နှင့် နံနက်စာဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၉-၅-၂၀၀၇ ရက် (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ အကပြိုင်ပွဲ
- ၈:၀၅ ၆။ ဖောင်းကတောရေလှောင်တမံ
- ၈:၁၀ ၇။ အတီးပြိုင်ပွဲ
- ၈:၂၀ ၈။ တေးဂီတအစီအစဉ်
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Grammar made Easy

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၁၀ ၆။ **ခံစားရင်း စံစားပါ** ကျော်ရဲအောင်၊ ပန်းဖြူ၊ ကုသိုလ် (ဒါရိုက်တာ-မြင့်မိုရ်ဆွေ)
- ၁၃:၅၅ ၇။ အာဆီယံနိုင်ငံများ အချင်းချင်း ပေါင်းစပ်ဆောင်ရွက်ခြင်း (မြန်မာနိုင်ငံနှင့် လူကုန်ကူးမှုပြဿနာ)
- ၁၃:၂၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၃:၃၅ ၉။ လဂွမ်းပြင်ရေလှောင်တမံ
- ၁၃:၅၀ ၁၀။ သက်တံရောင်သံစဉ်
- ၁၄:၀၅ ၁၁။ အတီးပြိုင်ပွဲ
- ၁၄:၁၅ ၁၂။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (လက်ခတ်သံတည်ညံ စံပြ ကျေးရွာ ကော့ပရံ)
- ၁၄:၂၅ ၁၃။ **ပေါင်ပေါ်ကျတဲ့မီး** ရဲအောင်၊ ထွန်းထွန်းနိုင်၊ ညီညီမင်းထက်၊ ဘုန်းလျှံ၊ ဟန်နီထွန်း၊ ဝိုင်းစုခိုင်သိန်း (ဒါရိုက်တာ-မောင်မောင်မြင့်လွင်၊ မင်းအုပ်စိုး)
- ၁၄:၃၅ ၁၄။ ပေါက်တား(ရေပြာ)နှင့် ပေါက်တံတား(အုန်းတော)
- ၁၄:၄၅ ၁၅။ International News.

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(အထူးပြုအားလုံး) [မြန်မာစာ]
- ၁၇:၀၀ ၅။ တေးပြုစာဆိုမြမြင့်အောင် (မြင်းခြံ)ဆိုင်းအဖွဲ့ ဖျော်ဖြေခန်း
- ၁၇:၁၅ ၆။ တေးဂီတအစီအစဉ်
- ၁၇:၃၀ ၇။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၁၈:၀၀ ၈။ ညနေခင်းသတင်း
- ၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၀။ အလှရှာမယ်လှကမ္ဘာဝယ်
- ၁၉:၀၅ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **သမားတော်** (အပိုင်း-၂၆)
- ၂၀:၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ပန်းနှင်းဆီ** (အပိုင်း-၁၇)

SSA-S ရှက်ဆစ်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ နမ့်စန်မြို့နယ် မက်မွန်မုန်းကျေးရွာနှင့် ပါလင်ကျေးရွာတို့၌ အတင်းအဓမ္မလူသစ်စု၊ ဆက်ကြေးတောင်းခံခဲ့ တပ်မတော်စစ်ကြောင်းများက သောင်းကျန်းသူများနောက်သို့ ထက်ကြပ်လိုက်လံရှင်းလင်းဖော်ထုတ်လျက်ရှိ

ရန်ကုန် မေ ၁၈

အကြမ်းဖက် သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်မှု၊ ရပ်ရွာအေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှုနှင့် ပြည်သူလူထု၏ လုံခြုံမှုများ ထိခိုက်ပျက်ပြားအောင် နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

SSA-S ရှက်ဆစ်အကြမ်းဖက် သောင်းကျန်းသူအဖွဲ့မှ အင်အား ၅၀ ခန့်သည် မေ ၁၆ ရက် ည ၁၀ နာရီခွဲခန့်က ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် မက်မွန်မုန်းကျေးရွာသို့ ရောက်ရှိလာပြီး အဆိုပါရွာရှိ ဗီဒီယိုရုံတစ်ရုံတွင် အေးချမ်းစွာ ဗီဒီယိုကြည့်နေသူများအနက်မှ ရွာသား ၂၇ ဦးနှင့် အမည်စိစစ်ဆဲ ဧည့်သည် နှစ်ဦးပေါင်း ၂၉ ဦးတို့အား အတင်းအဓမ္မ လူသစ်စု ခေါ်ဆောင်သွားခဲ့ကြောင်း၊ အဓမ္မလူသစ်စု ခေါ်ဆောင်သွားခဲ့သည့် ရွာသားများမှာ အိုက်ချို ၁၃ နှစ်၊ သီဟ ၁၇ နှစ်၊ ပန်နို ၁၄ နှစ်၊ မူးလိန် ၁၄ နှစ်၊ နန္တက ၁၆ နှစ်၊ ဦးဆူဆန်း ၄၃ နှစ်၊ အိုက်သုံး ၁၅ နှစ်၊ ဦးလုံတိ ၄၈ နှစ်၊ အိုက်အွတ် ၂၂ နှစ်၊ နားလိန် ၁၈ နှစ်၊ အိုက်လျှန်း ၁၈ နှစ်၊ အိုက်လုံ ၂၃ နှစ်၊ အိုက်နိနေ ၁၇ နှစ်၊ စိတ္တာ ၁၄ နှစ်၊ စိန္တလွန် ၂၈ နှစ်၊ အိုက်ပီးလျှံ ၁၅ နှစ်၊ ကောဝိ ၂၈ နှစ်၊ နန္ဒော ၁၇ နှစ်၊ အိုက်မန် ၆ နှစ်၊ အိုက်မောင် ၁၃ နှစ်၊ အိုက်လွန် ၁၂ နှစ်၊ အိုက်မောင် ၁၅ နှစ်၊ ကောင်ဝိန် ၁၈ နှစ်၊ အိုက်ပြား ၂၃ နှစ်၊ နားလိန် ၁၇ နှစ်၊ အိုက်ဦး ၂၅ နှစ်နှင့် နားလိန် ၁၃ နှစ်တို့ ဖြစ်ကြကြောင်း သိရသည်။

အဓမ္မဖမ်းဆီးခေါ်ဆောင်

SSA-S ရှက်ဆစ်အကြမ်းဖက် သောင်းကျန်းသူများ အဓမ္မဖမ်းဆီး ခေါ်ဆောင်သွားသူများတွင် အသက် ၁၂ နှစ်အရွယ်တစ်ဦး၊ အသက် ၁၃ နှစ်အရွယ်သုံးဦး၊ အသက် ၁၄ နှစ်အရွယ် သုံးဦးနှင့် အသက် ၁၅ နှစ်အရွယ် သုံးဦး စုစုပေါင်း ကလေးအရွယ် ၁၀ ဦး ပါရှိပြီး ရှက်ဆစ် အကြမ်းဖက်သောင်းကျန်းသူများသည် ကလေးသူငယ်များကို အတင်းအဓမ္မ လူသစ်စုဆောင်းမှုမရှိဟု အသံကောင်းဟစ် ကြွေးဆိုနေသော်လည်း ယခုကဲ့သို့ ငယ်ရွယ်သူများကို နေရာအနှံ့တွင် အတင်းအဓမ္မ ဖမ်းဆီး၍ သောင်းကျန်းမှု သက်ဆိုးရှည်ရေးအတွက် လုပ်ဆောင်လျက်ရှိသည်။

ဆက်ကြေးတောင်းခံ

အလားတူ အဆိုပါ SSA-S ရှက်ဆစ် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ မွန်ခေးဦးစီးအင်အား ၂၀ ခန့်သည် မေ ၁၆ ရက် ည ၁၀ နာရီခန့်တွင် နမ့်စန်မြို့နယ် မက်မွန်မုန်းကျေးရွာအုပ်စု ပါလင်ကျေးရွာ တစ်ဝိုက်သို့ ရောက်ရှိလာပြီး ကျိုင်းတောင်း-ပါလစ်-နမ့်စန်သွား ထော်လာဂျီတစ်စီးထံမှ ဆက်ကြေးငွေကျပ် ငါးသိန်း တောင်းခံသွားခဲ့သည်။

လိုက်လံရှင်းလင်း

ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်စောင့်ရှောက်လျက်ရှိသော နယ်မြေခံတပ်မတော် စစ်ကြောင်းများက SSA-S ရှက်ဆစ် အကြမ်းဖက် သောင်းကျန်းသူအဖွဲ့၏ အတင်းအဓမ္မလူသစ်စုဆောင်းမှု၊ ဆက်ကြေးကောက်ယူမှု သတင်းကိုရလျှင်ရချင်း ဒေသခံလူထုနှင့် ပူးပေါင်းကာ သောင်းကျန်းသူများနောက်သို့ ပိတ်ဆို့ချေမှုန်းနိုင်ရေး၊ ထက်ကြပ်လိုက်လံ ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရုတ်နိုင်ငံ တီအန်ကျင်းမြို့၌ လေယာဉ်ထုတ်လုပ်ရေးစက်ရုံ တည်ဆောက်

တီအန်ကျင်း မေ ၁၈

တရုတ်နိုင်ငံမြောက်ပိုင်း ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သော တီအန်ကျင်းမြို့တွင် ဥရောပလေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သော အဲယားဘတ်စ် အေ-၃၂၀ ၏ လေယာဉ်ထုတ်လုပ်ရေးစက်ရုံ တည်ဆောက်ရေးအတွက် အုတ်မြစ်ချပွဲကို မေ ၁၅ ရက်က ကျင်းပခဲ့သည်။ (အပေါ်ပုံ)

လာမည့်နှစ် ဩဂုတ်လတွင် အဆိုပါ လေယာဉ်ထုတ်လုပ်ရေးစက်ရုံအနေဖြင့် လုပ်ငန်းလည်ပတ်မှုများကို စတင်လုပ်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် လေယာဉ် ၄၄ စင်း တည်ဆောက်နိုင်ရန် မျှော်မှန်းထားကြောင်း ဆင်ဟွာသတင်းဌာနက လုပ်ငန်းစီမံချက်ကို ကိုးကား၍ ဖော်ပြသည်။

ပထမဆုံး

ယခုကဲ့သို့ လေယာဉ်ထုတ်လုပ်ရေးစက်ရုံသည် ဥရောပနိုင်ငံများအနေဖြင့် ပြည်ပတွင် ပထမဆုံး တည်ဆောက်ခြင်း ဖြစ်သည်။

အဆိုပါ လုပ်ငန်းစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၄ ဘီလီယံမှ ၁ ဒသမ ၃ ဘီလီယံအကြား အကုန်အကျခံကာ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်မြို့တွင် ဗုံးနှစ်လုံးပေါက်ကွဲ

ဘဂ္ဂဒက် မေ ၁၈

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့လယ်တွင် မေ ၁၅ ရက်က လမ်းဘေးဗုံး နှစ်လုံး ပေါက်ကွဲမှုကြောင့် သုံးဦးသေဆုံးပြီး ၁၆ဦး ဒဏ်ရာရရှိသွားကြောင်း ပြည်ထဲရေး ဝန်ကြီးဌာနက သတင်း ထုတ်ပြန်သည်။

ပေါက်ကွဲ

အဆိုပါ ပေါက်ကွဲမှုသည် ယင်းနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်က လူစည်ကားရာနေရာတွင် ပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။

ပျက်စီး

ပေါက်ကွဲမှုဖြစ်ပွားရာ အနီးအနားရှိ ဆိုင်များ၊ အရပ်သား ကားများလည်း ပျက်စီးသွားခဲ့ကြောင်း၊ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် လူနာတင် ယာဉ်များ ရောက်ရှိလာခဲ့ကြောင်း အဆိုပါ သတင်းတွင် ဆက်လက် ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်နစ္စတန်၌ ရေလွှမ်း လူ ၂၄ဦး သေဆုံး

ကဘူးလ် မေ ၁၈

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့မြောက်ပိုင်း ဘာဒတ်ရှန်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းခဲ့မှုကြောင့် ၂၄ဦး သေဆုံးကာ နေအိမ် ၈၀၀ကျော် ပျက်စီးခဲ့ရကြောင်း အာဖဂန်နစ္စတန်ပြည်ထဲရေးဝန်ကြီးဌာနမှ မေ ၁၆ရက်၌ သတင်းထုတ်ပြန်သည်။

ထို့အတူ တရုတ်၊ ပါကစ္စတန်နှင့် တာဂျီကစ္စတန်နယ်စပ်ဒေသများတွင်ရှိသော အာဖဂန်နစ္စတန်နယ်မြေ အစိတ်အပိုင်းများတွင် တစ်ညလုံးမိုးရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းခဲ့ရာ ဒေသခံ တချို့ပျောက်ဆုံးလျက်ရှိသည်။

ရေလွှမ်းမှုဒဏ်ခံသူများအား အကူအညီများပေးရန် တောင်းဆိုထားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အီရတ်တွင် အလွန်အန္တရာယ်ကြီးမား ဗြိတိသျှမင်းသား အီရတ်သို့မလွှတ်ရဲ

လန်ဒန် မေ ၁၈

ဗြိတိသျှအိမ်ရှေ့မင်းသား ဟယ်ရီသည် တပ်မှူးများက အီရတ်၌ အလွန် အန္တရာယ်များနေကြောင်း ဆုံးဖြတ်ခဲ့ပြီးနောက် အီရတ်သို့ သွားရောက်တာဝန် ထမ်းဆောင်လိမ့်မည် မဟုတ်ဟုဆိုသည်။

၎င်းအား တိုက်ခိုက်ရေးသမားများက ပြန်ပေးဆွဲမှုတစ်ရပ်အကွက်ချ လုပ်လာနိုင်ကြောင်း၊ စွန့်စားမှုအလွန်များကြောင်း ဗြိတိသျှကာကွယ်ရေး ဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ အိမ်ရှေ့မင်းသားသည် လွန်ခဲ့သော တစ်နှစ်က စစ်ဘက်အရာရှိငယ်ဖြစ်လာပြီး အီရတ်တောင်ပိုင်း ဘာဆာရာမြို့သို့ တာဝန်ထမ်းဆောင်ရန် တာဝန်ကျသူဖြစ်သည်။ အမ်အင်န်အေ၊ရိုက်တာ

ဘဂ္ဂဒက် အစိမ်းရောင်ဇုန် မော်တာများဖြင့် ပစ်ခတ်ခံရ၍ နှစ်ဦးသေဆုံး

ဘဂ္ဂဒက် မေ ၁၈

ဘဂ္ဂဒက်မြို့လယ်ရှိ အစိမ်းရောင်ဇုန်အတွင်း မေ ၁၆ ရက်က မော်တာကျည်ဆန် ၁၀လုံး ကျရောက်ပေါက်ကွဲခဲ့ရာ အီရတ်နှစ်ဦးသေဆုံးပြီး အခြား ၁၀ဦး ဒဏ်ရာ ရရှိသွားကြောင်း အမေရိကန်သံရုံး ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ မော်တာများဖြင့် တိုက်ခိုက်မှုမှာ နှစ်ရက်အတွင်း ဒုတိယအကြိမ် ပစ်ခတ်တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဂျပန်အမျိုးသားများ ဆေးလိပ်ဖြတ်မှုများလာ

တိုကျို မေ ၁၈

ဂျပန်အမျိုးသားများအကြား ဆေးလိပ်ဖြတ်သူအရေအတွက် ပို၍များပြားလာကြောင်း၊ ဂျပန်နိုင်ငံ၌ အမျိုးသားဆေးလိပ်သောက်သူအရေအတွက်မှာ ဆယ်စုနှစ် နှစ်စုအတွင်း ပထမဆုံးအကြိမ် ၄၀ရာခိုင်နှုန်းအောက် ကျဆင်းကြောင်း ဂျပန်အစိုးရက ဆန်းစစ်လေ့လာချက်များကို မေ ၁၆ ရက်က ထုတ်ပြန်လိုက်သည်။

ဂျပန် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သော နှစ်ပတ်လည်အစီရင်ခံစာတွင် ဂျပန်အရွယ်ရောက်သူ အမျိုးသားသုံးဦးလျှင် တစ်ဦးမှာ ဆေးလိပ်ဖြတ်လာကြသည်ကို တွေ့ရသည်ဟုဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

ကမ္ဘောဒီးယားကို ဩစတြေးလျ အကူအညီတိုးပေးမည်

ဖနောင်ပင် မေ ၁၈

လာမည့်နှစ်တွင် ကမ္ဘောဒီးယားနိုင်ငံအား ဩစတြေးလျအစိုးရက ၁၁ ရာခိုင်နှုန်းတိုးမြှင့်၍ အကူအညီ ပေးသွားမည်ဖြစ်ကြောင်း၊ သို့ရာတွင် ကိန်းဂဏန်းပမာဏကို အတိအကျ ထုတ်ဖော်ပြောကြားခြင်းမရှိကြောင်း ဒေသဆိုင်ရာ မီဒီယာများက ပြောကြားသည်။

ယင်းအကူအညီများမှာ စိုက်ပျိုးရေး၊ ကျန်းမာရေးနှင့် ကမ္ဘောဒီးယားကျောင်းသားများအတွက် ပညာသင်ဆုများဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး မာဂရက်အဒမ်ဆွန်က ဝန်ကြီးချုပ်ဟွန်ဆင်အား ဖနောင်ပင်မြို့၌ မေ ၁၅ရက်က ပြောကြားလိုက်ခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အခွံပျော့ လိပ်ကြီး

ကမ္ဘောဒီးယားနိုင်ငံ မဲခေါင်မြစ်အတွင်းမှ တွေ့ရှိခဲ့သော အခွံပျော့လိပ်ကြီး အား မေ ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘောဒီးယားနိုင်ငံ မဲခေါင်မြစ်အတွင်း၌ ကမ္ဘာ့အကြီးဆုံး လိပ်တစ်ကောင်တွေ့ရှိ

ဖနောင်ပင် မေ ၁၈

ကမ္ဘောဒီးယားနိုင်ငံ မဲခေါင်မြစ် အတွင်းတွင် ကမ္ဘာပေါ်၌ အကြီးမားဆုံး လိပ်တစ်ကောင်ကို ရှာဖွေတွေ့ ရှိခဲ့ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးအရာရှိများက မေ ၁၆ ရက်၌ ပြောကြားသည်။

တွေ့ရှိ

ကမ္ဘာ့အကြီးဆုံး လိပ်ကြီးကို တွေ့ရှိခဲ့သည့်နေရာမှာ ကမ္ဘောဒီးယားနိုင်ငံမြို့တော် ဖနောင်ပင် မြောက်ဘက် ကီလိုမီတာ ၁၈၀ခန့်အကွာ စတန်ထရန်ပြည်နယ် အရှေ့မြောက်ပိုင်းရှိ မဲခေါင်မြစ်ကမ်း တစ်နေရာ မြေတွင်းတစ်ခုမှ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ လိပ်ကြီးမှာ အလေးချိန် ပေါင် ၁၁၀ရှိကာ မျက်စိနှင့် နှာခေါင်းများ ထုတ်နေချိန်၌ တိုင်းတာပါက ကိုယ်ခန္ဓာရှည်မှာ ခြောက်ပေ ရှိကြောင်း သိရသည်။

အခွံပျော့လိပ်

ပြီးခဲ့သည့် မတ်လကလည်း မဲခေါင်မြစ်အတွင်း ကွင်းဆင်းသုတေသနပြုခဲ့ရာ၌ အလေးချိန် ၂၄ ပေါင်ရှိသော အခွံပျော့လိပ်ကြီးတစ်ကောင်ကို တွေ့ရှိခဲ့ကြကြောင်း ကမ္ဘာ့သဘာဝ တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် ကမ္ဘောဒီးယားနိုင်ငံ ငါးလုပ်ငန်းဌာနက ပြောကြားသည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် လမ်းဘေးဗုံးပေါက်ကွဲသဖြင့် မီးခိုးလုံးကြီးများ ထွက်ပေါ်လာသည်ကို မေ ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်၏ အဆင့်မြင့်နည်းပညာသုံး ထုတ်ကုန်ပစ္စည်းများ အာဖရိကတွင် လူကြိုက်များလျက်ရှိ

ရှန်ဟိုင်း မေ ၁၈

တရုတ်နိုင်ငံမှ အဆင့်မြင့်နည်းပညာသုံး ထုတ်ကုန်များဖြစ်သည့် ဆော့ဖ်ဝဲလ်၊ မိုဘိုင်းလ်ဖုန်းနှင့် ကွန်ပျူတာကဲ့သို့သော ပစ္စည်းများသည် အာဖရိကတွင် ပိုမိုရေပန်းစား လူကြိုက်များလျက်ရှိကြောင်း တိုဂိုနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် တစ်ဦးဖြစ်သူ ကောဘာဂျာက ပြောကြားသည်ဟု ဆင်ဟွာသတင်းဌာနမှ သတင်းထုတ်ပြန်သည်။

တရုတ်ထုတ်ကုန်ပစ္စည်းများသည် အမေရိကန်နှင့် ဂျပန်နိုင်ငံတို့မှ ထုတ်ကုန်များထက် ဈေးပိုမိုသက်သာကြောင်း၊ အရည်အသွေးကောင်းမွန်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

တရုတ်နိုင်ငံမှ ကွန်ပျူတာများ၊ ရုပ်မြင်သံကြားများနှင့် ကင်မရာများသည် အရည်အသွေးမြင့်မားကြောင်း ဘီနင်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် တစ်ဦးဖြစ်သူ ဟိုဆူကလည်းပြောကြားသည်။

တင်ပို့

တရုတ်နိုင်ငံမှ အဆင့်မြင့် နည်းပညာသုံး ထုတ်ကုန်ပစ္စည်းများသည် အာဖရိကသို့ တင်ပို့မှုပိုမိုမြင့်မားလျက်ရှိရာ ပြီးခဲ့သည့် ၂၀၀၅ ခုနှစ်၌ ရှစ်ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ တိုးတက်တင်ပို့ခဲ့သည်။

ထို့အတူ တရုတ်မှဆက်သွယ်ရေး ထုတ်ကုန်ပစ္စည်းများလည်း အာဖရိကသို့ ပိုမိုတင်သွင်းရလျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်နစ္စတန်၌ တိုက်ခိုက်ခံရမှုကြောင့် အပေါင်းပါတပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

ကဘူးလ် မေ ၁၈

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဇာဘူလ်ပြည်နယ်တွင် အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်တစ်ဦး တိုက်ခိုက်ခံရမှုကြောင့် သေဆုံးသွားကြောင်း အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့က မေ ၁၆ ရက်၌ ပြောကြားသည်။

တိုက်ခိုက်ခံရ

အာဖဂန်နစ္စတန်နိုင်ငံ ကာလက်မြို့ အနောက်တောင်ဘက် ၄၃ ကီလိုမီတာခန့်အကွာတွင် အာဖဂန်ရဲတပ်ဖွဲ့နှင့် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ မေ ၁၅ ရက်က တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်။

ပိုမိုမြင့်မား

အာဖဂန်နစ္စတန်တွင် အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရမှု ပိုမိုမြင့်မားလာလျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ဟေလုံကျန်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းနေသည်ကို မေ ၁၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆီးရီးယားနှင့် တူနီးရှား မီဒီယာကဏ္ဍ ပူးပေါင်း ဆောင်ရွက်ကြမည်

ဒမတ်စကတ် မေ ၁၈

ဆီးရီးယားနှင့် တူနီးရှားနိုင်ငံတို့သည် နှစ်နိုင်ငံမီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စာချွန်လွှာ တစ်ရပ်ကို မေ ၁၅ ရက်၌ လက်မှတ်ရေးထိုးခဲ့ကြောင်း ဆာနာသတင်းဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါစာချွန်လွှာကို ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး မိုဆန်ဘီလာနှင့် ဆီးရီးယားနိုင်ငံသို့အလည်အပတ်ရောက်ရှိနေသော တူနီးရှားနိုင်ငံ ဆက်သွယ်ရေးဝန်ကြီး ရာဖာဒီခေးလ်တို့က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ပူးပေါင်းဆောင်ရွက်

ယခု လက်မှတ်ရေးထိုးခဲ့သည့် စာချွန်လွှာတွင် ဆီးရီးယားနှင့် တူနီးရှားနိုင်ငံတို့အနေဖြင့် ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းဌာနများ၊ ရုပ်ရှင်လုပ်ငန်း၊ လေ့ကျင့်မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး ပါရှိကြောင်း ဆာနာသတင်းက ထုတ်ပြန်သောသတင်း၌ ဖော်ပြသည်။

ထို့အပြင် နှစ်နိုင်ငံအကြား မီဒီယာကဏ္ဍအားလုံးတွင် ပူးပေါင်းဆောင်ရွက်မှုဖြင့် တိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် ကျွမ်းကျင်သူများနှင့် မီဒီယာသမားများ၏ အပြန်အလှန် အလည်အပတ်ခရီးစဉ်များ ဖြစ်ပေါ်လာစေရေးလည်း ဆောင်ရွက်ကြမည် ဖြစ်သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ခါးတွင်ကြိုးချည်၍ လေယာဉ်ဆွဲပြသူ

လေယာဉ်တစ်စင်းကို ကြိုးဖြင့် ဆွဲပြနေသူတစ်ဦးကို တွေ့ရစဉ်။ (ယာပုံ)

ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့တွင်ယူကရိန်းနိုင်ငံသား တစ်ဦးက လေယာဉ်ငယ်တစ်စင်းကို ၎င်း၏ ခါးတွင်ကြိုးချည်ပြီး ဆွဲပြခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

နဂါးရုပ် ဇာပန်းထိုးပန်းချီကား

နဂါးရုပ်များဖြင့် ဇာပန်းထိုး ပန်းချီကားတစ်ချပ်ပြုလုပ်နေသူ အမျိုးသမီးတစ်ဦးကို တွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ ဟီနန်ပြည်နယ် ပူယန်မြို့မှ လီဟွန်ယမ်အမည်ရှိ တရုတ်အမျိုးသမီး တစ်ဦးက နဂါးရုပ်ပေါင်း ၁၂၈ ရုပ်ပါရှိသော ဇာပန်းထိုး ပန်းချီကားတစ်ချပ်ကို တစ်ဦးတည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။ ၎င်းပန်းချီကားကို ၂၀၀၈ အိုလံပစ် အထိမ်းအမှတ်အဖြစ် ပေကျင်းမြို့သို့ ပေးပို့မည်ဖြစ်သည်။ **(အင်တာနက်)**

အီရတ်တောင်ပိုင်း၌ တိုက်ခိုက်မှုဖြစ်ပွား

နာဆီရီယာ (အီရတ်) မေ ၁၈

အီရတ်နိုင်ငံတောင်ပိုင်း နာဆီရီယာမြို့တွင် မေ ၁၆ ရက်က ရှီးယိုက်တိုက်ခိုက်ရေးအဖွဲ့များနှင့် အီရတ်တပ်ဖွဲ့များအကြား တိုက်ပွဲများ ဖြစ်ပွားခဲ့မှုကြောင့် ရှစ်ဦးသေဆုံးပြီး ၄၀ ဒဏ်ရာရခဲ့ကြောင်း ဆေးရုံနှင့်ရဲတပ်ဖွဲ့ သတင်းရပ်ကွက်များက ထုတ်ဖော်ပြောကြားခဲ့သည်။

သေဆုံးသူများထဲတွင် အီရတ်စစ်သား သုံးဦးပါဝင်ကြောင်း နာဆီရီယာ ဆေးရုံညွှန်ကြားရေးမှူး ဆာဒီအယ်လ်မာဂျက်ဒ်က ပြောကြားသည်။ အမည်မဖော်လိုသော ယင်းမြို့အရာရှိတစ်ဦးကမူ သေဆုံးသူ ၁၀ ဦး ရှိသွားပြီဟုဆိုသည်။

တိုက်ခိုက်

အီရတ်ရဲတပ်ဖွဲ့က မေ၁၅ရက်၌ ရှီးယိုက်နှစ်ဦးအား လမ်းဘေးဗုံးခွဲ အဖွဲ့ဝင်များဟု သံသယဖြင့် ဖမ်းဆီးပြီးနောက် တိုက်ခိုက်ရေးသမားများနှင့် အီရတ်တပ်ဖွဲ့များအကြား တိုက်ခိုက်မှု ဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။

ဆုတ်ခွာ

ဘဂ္ဂဒက်မြို့ တောင်ဘက် ၃၇၅ ကီလိုမီတာအကွာရှိ ယင်းမြို့တွင် အရဏ်မတက်မီ ယင်းတိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီး မွန်းတည့်ချိန်တွင် တိုက်ပွဲပြီးဆုံးသွားကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

တရုတ်နိုင်ငံ၌ ကျောက်မီးသွေးတွင်း ပေါက်ကွဲ

ဟာဘင် မေ ၁၈

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဟေလုံကျန် ပြည်နယ်တွင် မေ ၁၄ ရက်က ကျောက်မီးသွေးမိုင်းတွင်း တစ်တွင်း၌ ဓာတ်ငွေ့ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ မိုင်းအလုပ်သမား ခုနစ်ဦးပိတ်မိနေကြောင်း ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့က မေ ၁၅ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ မတော်တဆမှုဖြစ်ပွားစဉ် မိုင်းတွင်းထဲတွင် မိုင်းအလုပ်သမား ၂၉ ဦးအလုပ်လုပ်နေခဲ့ကြောင်း၊ ၂၂ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း ၎င်းကပြောကြားသည်။

ကယ်ဆယ်ရေး သမားများက ပျောက်ဆုံးနေသူခုနစ်ဦးကို ဆက်လက်ရှာဖွေနေသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား အားကစား

ခယောင်းတောကို ဖြတ်သန်းရမည့် ဘာစီလိုနာ

ကိုးကားရေးသားသူ မောင်မောင်မြင့်ဆွေ

မက်ဒရစ် မေ ၁၈

စပိန်လာလီဂါပွဲစဉ်(၃၄) ကစားပြီးချိန်၌ ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့ ၆၆မှတ်စီ ရမှတ်များတူညီသွားခဲ့ပြီဖြစ်ရာ ယခုနှစ် လာလီဂါဖလားအတွက် ဘာစီလိုနာတို့ အကျပ်အတည်းနှင့် ခက်ခဲစွာ ဖြတ်သန်းရယူရန် အနေအထားဖြစ်လာခဲ့သည်။

စိန်ခေါ်မှုနှင့်ကြုံ

၂၀၀၄-၂၀၀၅ ဘောလုံးရာသီနှင့် ၂၀၀၅-၂၀၀၆ ဘောလုံးရာသီများ၌ လာလီဂါဖလားကို ဆက်တိုက်ရရှိထားသော ဘာစီလိုနာတို့ ယခုနှစ်တွင် သုံးနှစ်ဆက်တိုက် ဖလားရရှိရေးမှာ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီ ဖြစ်သည်။

ရလဒ်မကောင်း

ယခုနှစ် ရာသီအစ၌ ခြေစွမ်းပြပြီး နိုင်ပွဲများ ဆက်တိုက်ရရှိခဲ့သော်လည်း ရာသီကုန်ပိုင်းတွင်မူ အဝေးကွင်းရလဒ်များ မကောင်းခဲ့သဖြင့် မိမိနောက်မှ အရှိန်ပြင်းပြင်းနှင့် လိုက်ပါလာသော ရီးရဲမက်ဒရစ်တို့အား တန်းစီဇယား ထိပ်ဆုံးနေရာကို လွှဲပေးလိုက်ရသည်။

ဘာစီလိုနာတို့ ယခုနှစ် လာလီဂါ၌ ၃၄ပွဲကစားပြီးချိန်တွင် ၁၉ပွဲနိုင်၊ ကိုးပွဲသရေ၊ ခြောက်ပွဲရှုံးထားသော မှတ်တမ်းများရှိနေသည်။ ဘာစီလိုနာ တိုက်စစ်မှူးများက ၃၄ ပွဲတွင် ၆၄ ဂိုး သွင်းယူထားနိုင်ခဲ့ရာ ရီးရဲမက်ဒရစ် တိုက်စစ်မှူးများထက် ဂိုးသွင်းအား ပိုကောင်းနေသည်။

ခံစစ်ပိုင်းတွင်လည်း ဘာစီလိုနာတို့က ပေးဂိုး ၃၀ ရှိနေချိန်တွင် ရီးရဲမက်ဒရစ်တို့က ပေးဂိုး ၃၄ဂိုးရှိနေသည်။ အိမ်ကွင်း၊ အဝေးကွင်း ခြေစွမ်းပြနိုင်မှု အပိုင်းတွင် ဘာစီလိုနာတို့ထက် ရီးရဲမက်ဒရစ်တို့က ခြေစွမ်းပိုမိုတည်ငြိမ်လာသည်။

ခြေကုန်ထုတ်

ဘာစီလိုနာတို့ လက်ကျန်လေးပွဲ ကစားရမည်ဖြစ်ရာ ရာသီကုန် နောက်ဆုံးပွဲစဉ်အထိ ခြေကုန်ထုတ်ရမည် ဖြစ်သလို ပွဲတိုင်းအနိုင်ရမှသာ လက်ရှိ လာလီဂါချန်ပီယံဖလားကို ကာကွယ်နိုင်မည်ဖြစ်သည်။

ဘာစီလိုနာ၏ နောက်ဆုံးလက်ကျန်လေးပွဲ အနေအထားကိုကြည့်လျှင် မေ ၂၀ ရက်၌ အဝေးကွင်းတွင် အက်သလက်တီကိုနှင့် ကစားရမည် ဖြစ်သည်။ အက်သလက်တီကိုနှင့် ဘာစီလိုနာတို့ ဆုံတွေ့ခဲ့သည့် မှတ်တမ်းကို ကြည့်လျှင် ၂၀၀၂-၂၀၀၃ ခုနှစ်တွင် အက်သလက်တီကိုကွင်း၌ ဘာစီလိုနာကို သုံးဂိုးပြတ် အနိုင်ရရှိခဲ့သည်။

ထို့အတူ ၂၀၀၃-၂၀၀၄တွင် ဂိုးမရှိသရေ၊ ၂၀၀၄-၂၀၀၅တွင် တစ်ဂိုးစီသရေ၊ ၂၀၀၅-၂၀၀၆တွင် အက်သလက်တီကိုတို့က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားသည်ဖြစ်ရာ ၂၀၀၂-၂၀၀၃ခုနှစ်နောက်ပိုင်း ဘာစီလိုနာ တို့ အက်သလက်တီကိုအား တစ်ပွဲမျှ အနိုင်မရခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် မေ ၂၀ ရက်တွင် ကစားမည့်ပွဲသည် ဘာစီလိုနာတို့ လာလီဂါဖလားအတွက် အရေးကြီးသော ပွဲစဉ်ဖြစ်လာသည်။ လာလီဂါတွင် လက်ရှိအနေအထားအရ ဘာစီလိုနာတို့ သရေပွဲပင် လက်မခံနိုင်သည့် အခြေအနေဖြစ်ရာ အားထုတ်ကြိုးစားရမည့် ပွဲကျပ်ပင်ဖြစ်သည်။

ခက်ခဲ

တစ်ဖန် မေ ၂၇ရက်တွင် အိမ်ကွင်း၌ ကစားရမည့် ဂီတာဖေးနှင့်ပွဲသည်လည်း ဘာစီလိုနာတို့အတွက် ခက်ခဲစွာကျော်ဖြတ်ရမည့် ပွဲစဉ်တစ်ခုပင်ဖြစ်နေပြန်သည်။ ဘာစီလိုနာသည် စပိန်ဘုရင့်ဖလားပွဲ၌ ဂီတာဖေးကို ငါးဂိုး-နှစ်ဂိုးဖြင့် ပြတ်သားစွာ အနိုင်ယူခဲ့သော်လည်း လာလီဂါပွဲစဉ်တွင်မူ ပထမအကျော့ အဝေးကွင်း၌ ဘာစီလိုနာတို့ ဂီတာဖေးကို လေးဂိုးပြတ်ဖြင့် အရှုံးကြီးရှုံးခဲ့သည်။

ထိုပွဲစဉ်၌ ဘာစီလိုနာ၏ ကစားကွက်ကို ဂီတာဖေးတို့မလှုပ်နိုင်အောင် ထိန်းချုပ်ကစားနိုင်ခဲ့ရာ ဘာစီလိုနာတို့ ချေပဂိုးတစ်ဂိုးပင် ပြန်မသွင်းနိုင်အောင် အခြေအနေဆိုးရွားခဲ့ရသည်။ ထို့ကြောင့် မေ၂၇ရက်၌ ဂီတာဖေးနှင့်ပွဲသည်လည်း ဘာစီလိုနာတို့အတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်နေပြန်သည်။

ထို့အတူ ဇွန် ၁၀ရက်တွင် ကစားမည့် အက်စ်ပန်းညိုနှင့်ပွဲတွင်လည်း ဘာစီလိုနာတို့ ကစားအားကို တင်ကစားမှရမည့် အခြေအနေဖြစ်သည်။ ပထမအကျော့ လာလီဂါပွဲစဉ်၌ အက်စ်ပန်းညိုတို့က ဘာစီလိုနာကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ကစားထားသည်ဖြစ်ရာ ယခုပွဲတွင် ဘာစီလိုနာတို့ အနိုင်ရရှိရေးသာမန်ကြိုးစားမှုဖြင့်ရမည်မဟုတ်ချေ။

ဇွန် ၁၇ရက်၌ နောက်ဆုံးကစားရမည့် ဂျင်နက်စတစ်အသင်းသာ ဘာစီလိုနာတို့အတွက် သက်သာသော ပွဲစဉ်တစ်ရပ်ဖြစ်ကာ နိုင်ပွဲရမည့်ပွဲ ဖြစ်သည်။ တန်းဆင်းရန်သေချာနေပြီ ဖြစ်သော ဂျင်နက်စတစ်တို့ အိမ်ကွင်းဖြစ်သော်လည်း ဘာစီလိုနာကို အနိုင်မရနိုင်ချေ။ သို့သော် တန်းမဆင်းမီ နောက်ဆုံးပွဲစဉ်အဖြစ် ဘာစီလိုနာကို ခံကစားသွားနိုင်သည်ဖြစ်ရာ ဂျင်နက်စတစ်ကလည်း ဘာစီလိုနာကို ဒုက္ခပေးသွားနိုင်သဖြင့် ယင်းပွဲကိုလည်း ဘာစီလိုနာတို့ အားထည့်ကစားရမည် ဖြစ်သည်။

ထို့ကြောင့် ဘာစီလိုနာ၏ လာလီဂါ ချန်ပီယံ ပန်းအဝင်ခရီးသည် ကြမ်းတမ်းခက်ထန်နေပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

လာလီဂါဖလား ရရှိရေး နောက်ဆုံး လက်ကျန် လေးပွဲ အနိုင်ရရှိရန် အပြင်းအထန် လေ့ကျင့်နေသော ဘာစီလိုနာ ဘောလုံးသမားများ။

(ဓာတ်ပုံ-အင်တာနက်)

ဂိုးအများဆုံးသွင်းသူ ဒရော့ဘာ ပရီမီယာလိဂ်တွင် ရွှေဖိနပ်ဆုဆွတ်ခူး

လန်ဒန် မေ ၁၈

ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာသည် ယခုနှစ် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ဂိုးအများဆုံးသွင်း ယူခဲ့သည့် ထိပ်တန်းဂိုးသွင်းသူ ဖြစ်ခဲ့သည်။

၎င်းသည် ယခုနှစ် ပရီမီယာလိဂ်တွင် ဂိုး၂၀ သွင်းယူခဲ့သဖြင့် ရွှေဖိနပ်ဆုဆွတ်ခူးနိုင်ခဲ့သည်။

သွင်းယူ

အသက်(၂၉)နှစ် ရှိပြီဖြစ်သော ဒရော့ဘာသည် ယခုနှစ်ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းအား ထိပ်တန်းအသင်းအဖြစ် ဆက်လက်ထိန်းထားနိုင်ရန် အဆုံးအဖြတ်ဂိုးများသွင်းယူပြီး ချယ်လ်ဆီး၏ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်ခဲ့သူလည်း ဖြစ်သည်။

ရွှေဖိနပ်ဆုနှင့်အတူ ဒရော့ဘာအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘလက်ဘန်းတိုက်စစ်မှူး ဘင်နီမက္ကာသီသည် ပရီမီယာလိဂ်တွင် ၁၈ ဂိုး သွင်းယူနိုင်ခဲ့ပြီး မန်ယူမှ စီရိုနယ်ဒိုက ၁၇ဂိုး သွင်းယူနိုင်ခဲ့သည်။

ဒရော့ဘာသည် ၂၀၀၁ ခုနှစ်က ဂျင်မီဖလွိုက်ဟက်ဆယ်ဘိန့်ပြီးနောက် ချယ်လ်ဆီးအသင်းတွင် ပထမဆုံး ရွှေဖိနပ်ဆု ဆွတ်ခူးနိုင်သူဖြစ်လာခဲ့သည်။

အာဆင်နယ်အသင်းမှ အွန်နရီသည် ပြီးခဲ့သော ပရီမီယာလိဂ်သုံးနှစ်စလုံးတွင် ဂိုးအများဆုံးသွင်းပြီး ရွှေဖိနပ်ဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ **(အင်တာနက်)**

လီဗာပူးအသင်း၏ နည်းစနစ်ပိုင်း အေစီမီလန်နည်းပြ ဝေဖန်ပြောကြား

ရေးသားသူ မြင့်မောင်စိုး

မီလန် မေ ၁၈

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲသို့ရောက်ခဲ့သော အင်္ဂလိပ်ပရီမီယာလိဂ် အသင်းသုံးသင်းတွင် လီဗာပူးအသင်းသည် နည်းစနစ်ပိုင်း အညံ့ဖျင်းဆုံးအသင်းဖြစ်ကြောင်း ၂၀၀၅ခုနှစ်က လီဗာပူးအသင်း၏ ထိုးနှက်အနိုင်ယူမှုကိုခံလိုက်ရသည့် အေစီမီလန်နည်းပြ အင်ဆယ်လော့တီက ပြောကြားလိုက်သည်။

အေစီမီလန်နှင့်လီဗာပူးအသင်းတို့သည် မေ ၂၃ရက်တွင် ဂရိနိုင်ငံ အေသင်မြို့၌ ချန်ပီယံလိဂ်ဗိုလ်လုပွဲ မကစားမီ အေစီမီလန်နည်းပြ အင်ဆယ်လော့တီက အထက်ပါအတိုင်း စိတ်ဓာတ်စစ်ဆင်ရေးဖြင့် စကားစစ်ထိုးလိုက်သည်။

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည့် အသင်းများတွင် မန်ယူအသင်းကို နှစ်သက်မိကြောင်း၊ လီဗာပူးအသင်း နည်းစနစ်ပိုင်းမကောင်းကြောင်း အေစီမီလန်နည်းပြ အင်ဆယ်လော့တီက ပြောကြားသည်။ သို့သော်လည်း အေစီမီလန်အသင်းသည် ၂၀၀၅ ခုနှစ်က လီဗာပူးအသင်း၏ ထိုးနှက်အနိုင်ယူခြင်းကို ခံလိုက်ရသည်။

ထိုစဉ်က အေစီမီလန်အသင်းသည် သုံးဂိုးအနိုင်ရထားရာမှ လီဗာပူးအသင်းက ချေပဂိုး သုံးဂိုးပြန်သွင်းယူပြီး ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။ (အင်တာနက်)

အေစီမီလန်နည်းပြ အင်ဆယ်လော့တီ (ဝဲ) **နှင့် လီဗာပူးနည်းပြ ဘင်နီတက်ဇ်။**

(ဓာတ်ပုံ-အင်တာနက်)

ဖာဂူဆန်နှင့် မော်ရင်ဟို ထိပ်တိုက်ဆုံပြန်ပြီ

လန်ဒန် မေ ၁၈

မန်ယူနည်းပြဖာဂူဆန်နှင့် ချယ်လ်ဆီးနည်းပြမော်ရင်ဟိုတို့သည် ပရီမီယာလိဂ်ပွဲများအပြီး နောက်ဆုံးထိပ်တိုက်ဆုံတွေ့မှုအဖြစ် မေ၁၉ရက်**(ယနေ့)**တွင်ယှဉ်ပြိုင်ကစားမည့် အက်ဖ်အေဖလားဗိုလ်လုပွဲတွင် ပြန်လည်ဆုံတွေ့ကြမည် ဖြစ်သည်။

မန်ယူနည်းပြဖာဂူဆန်က **"မော်ရင်ဟိုဟာ ဒီပွဲမှာ ခရူးဆိတ်စစ်ပွဲလို အကြိတ်အနယ် တိုက်ကွက်ဆင်ကစားပြီး ဖလားရယူရန် ကြိုးစားမယ့် အနေအထားရှိပါတယ်။ ဒီပွဲမှာ သူတို့ပယ်နယ်တီရရင်တော့အနိုင်ရနိုင်ပါတယ်။ ဒီလို ပယ်နယ်တီရအောင် လုပ်ပြီး အနိုင်ယူရင်တော့ ဒါမှားယွင်းတဲ့လုပ်ရပ် ဖြစ်လာပါလိမ့်မယ်။ ဒီပွဲဟာ မျှတတဲ့ပြိုင်ပွဲ ဖြစ်လိမ့်မယ်လို့ မထင်မိပါဘူး"** ဟုပြောကြားသည်။

တစ်ဖန် နည်းပြမော်ရင်ဟိုကလည်း **"ဒီပွဲမှာဘောလုံးစည်းမျဉ်းစည်းကမ်းတွေကို ပိုမိုရင်ဆိုင်ရမယ့်ပြိုင်ပွဲပါပဲ၊ မိမိအသင်းက မန်ယူကိုဖိအားမပေးပါဘူး၊ မိမိတို့ ကောင်းကောင်းကစားနိုင်ရင် အနိုင်ရမှာပါပဲ"**ဟုပြောကြားသည်။

မော်ရင်ဟိုသည် မေ၁၆ရက်က ၎င်း၏အိမ်မွေးခွေးအား ကာကွယ်ဆေးထိုးနှံခြင်းရှိ၊ မရှိလာရောက်စစ်ဆေးသူများနှင့် အချင်းများခဲ့ပြီး ရဲအဖွဲ့က ဖမ်းဆီးခေါ်ဆောင်သွားခဲ့သော်လည်း သတိပေးစကားပြောကြားပြီး ပြန်လည်လွှတ်ပေးလိုက်ကြောင်း သိရသည်။ **(အင်တာနက်)**

မန်ယူနည်းပြ ဖာဂူဆန်(ဝဲ) နှင့် ချယ်လ်ဆီး နည်းပြ မော်ရင်ဟို။ (ဓာတ်ပုံ-အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

* ချယ်လ်ဆီးနည်းပြဟောင်း ကလော်ဒီယိုရာနီယာရီသည် မန်စီးတီးသို့ နည်းပြလုပ်ရန် ဆက်သွယ်မှုပြုလုပ်ခဲ့သည်ဟု မီဒီယာများက ဖော်ပြခြင်းကို မဟုတ်မှန်ကြောင်း ငြင်းဆိုလိုက်သည်။

* **အေစီမီလန်အသင်းသည် လာမည့်ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် လီဗာပူးအသင်းကို ရုပ်ပိုင်းဆိုင်ရာအရ ယှဉ်ပြိုင်နိုင်လိမ့်မည်မဟုတ်ကြောင်း လီဗာပူးနောက်တန်းလူ ရစ်ဆီက ပြောကြားလိုက်သည်။**

* ဘာစီလိုနာအသင်းသည် တနင်္ဂနွေနေ့တွင်ကစားမည့် အက်သလက်တီကိုအသင်းကို အနိုင်ရခဲ့ပါက အမှတ်ပေးဇယားထိပ်ဆုံးနေရာသို့ ပြန်ရောက်လိမ့်မည်ဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။

* **မေ ၁၉ရက်ယနေ့တွင် ချယ်လ်ဆီးနှင့်ယှဉ်ပြိုင်ကစားမည့် အက်ဖ်အေဖလား ဗိုလ်လုပွဲ၌ မန်ယူအသင်းကို ရိုင်ယန်ဂစ် ဦးဆောင်ကစားမည်ဖြစ်ကြောင်း မန်ယူကလပ်က ပြောကြားလိုက်သည်။**

(အင်တာနက်)

အဆိုးနှင့်အမုန်းသံသရာမှ အကျိုးနှင့်အချစ်သို့ ပြောင်းလဲကျော်ဖြတ်ကာ အောင်မြင်မှုပန်းတိုင်စိုက်ထူခဲ့သော ဒိုလေး

ရေးဖွဲ့တင်ပြသူ
မောင်မောင်မြင့်ဆွေ

ရန်ကုန် မေ ၁၈

အသက်ငယ်ငယ်ရွယ်ရွယ်နှင့် လောကဓံလှိုင်းတံပိုး ရိုက်ပုတ်မှုကြားမှ မဆုတ်မနစ်ကြိုးစားအားထုတ်မှုများကြောင့် အောင်မြင်မှုပန်းတိုင်စိုက်နိုင်ခဲ့သူကို ညွှန်းပြရလျှင် ပေါ်တူဂီလက်ရွေးစင်နှင့် မန်ယူတောင်ပံတိုက်စစ်မှူး စီရိုနယ်ဒိုကို ပြရမည်ဖြစ်သည်။

ဆော့ကစားတတ်သည့်အရွယ်မှစ၍ ဘောလုံးကိုပင် တစိုက်မတ်မတ် ကစားခဲ့ပြီး ကစားကွင်းထဲ၌ အချိန်ပြည့်နီးပါးရှိနေခဲ့သော စီရိုနယ်ဒိုလေးကို ဖခင်ဖြစ်သူက ပထမပိုင်းအချိန်များ၌ ကြိမ်းမောင်းဟန့်တားခဲ့သော်လည်း နောက်ပိုင်း၌ မည်သို့မျှဟန့်တားခြင်းမပြုတော့ဘဲ ကစားခွင့်ပြုခဲ့သည်။



ပရီမီယာလိဂ်ဖလားကို ဆောင်ကြဉ်းခဲ့သည့် မန်ယူ တောင်ပံကစားသမား အကောင်းဆုံးဆုရှင် စီရိုနယ်ဒို။
(ဓာတ်ပုံ–အင်တာနက်)

ညာတောင်ပံတိုက်စစ်မှူး

ဘောလုံးပါရမီရှင်တစ်ဦးဖြစ်သော စီရိုနယ်ဒိုသည် ပေါ်တူဂီကလပ် စပို့တင်းလစ္စဘွန်းရောက်ချိန်တွင် အသက် ၁၁ နှစ်မျှသာရှိသေးသည်။ စပို့တင်းလူငယ်အသင်း၌ အသင်းနည်းပြများ လာရောက်သတိမပေးမချင်း ဘောလုံးကွင်းထဲ၌ လေ့ကျင့်နေတတ်သော စီရိုနယ်ဒိုမှာ မကြာမီနှစ်များအတွင်းမှာပင် စပို့တင်းကလပ်၏ ညာတောင်ပံတိုက်စစ်မှူးဖြစ်လာခဲ့ပြီး သူ၏ဘောလုံးစွမ်းရည်ကို ပြသခဲ့လေသည်။

ပေါ်တူဂီလက်ရွေးစင်

အသက် ၁၇ နှစ်အရွယ်၌ ပေါ်တူဂီအသင်း လက်ရွေးစင်ဖြစ်လာခဲ့ပြီးနောက်ပိုင်း စီရိုနယ်ဒို၏ ဘောလုံးစွမ်းရည်တို့ကြောင့် ဥရောပကလပ်အသင်းကြီးများက စိတ်ဝင်စားခဲ့ပြီး ခေါ်ယူခဲ့ရာမှ မန်ယူအသင်းသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ဥရောပတွင် အကောင်းဆုံးဘောလုံးသမားဆုကိုရရှိချင်သလို ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကိုပါ ရယူချင်နေသော စီရိုနယ်ဒိုသည် မန်ယူကလပ်တွင် ခြေစွမ်းပြကစားနိုင်ခဲ့သည်။ စီရိုနယ်ဒိုကို မန်ယူပရိသတ် သဘောကျအားပေးခဲ့လေသည်။

ကံအကြောင်းမလှဖြစ်

သို့သော် စီရိုနယ်ဒိုအတွက် ကံအကြောင်းမလှမှုက ဖန်လာခဲ့သည်။ ၂၀၀၆ကမ္ဘာ့ဖလားဘောလုံးပွဲ၌ စီရိုနယ်ဒို၏ ပေါ်တူဂီအသင်းသည် အင်္ဂလန်အသင်းနှင့် ကွာတားဖိုင်နယ်တွင် ဆုံတွေ့ခဲ့သည်။ ထိုပွဲတွင် နှစ်သင်းစလုံး အကြိတ်အနယ်ကစားနေခဲ့ရာမှ အင်္ဂလန်တိုက်စစ်မှူး ရွှန်နေ(မန်ယူကစားဖော်)ကြမ်းတမ်းစွာ ကစားခဲ့မှုကြောင့် အနီကတ်ပြ အထုတ်ခံခဲ့ရသည်။

ထိုသို့ ရွှန်နေ အနီကတ်ပြအထုတ်ခံရမှုတွင် စီရိုနယ်ဒိုကြောင့်ဟူသော အင်္ဂလန်ပရိသတ်၏ အမြင်စောင်းခြင်းခံရကာ ထိုနေ့ပွဲကစားပြီး ကွင်းမှပြန်အထွက်တွင် အင်္ဂလန်ပရိသတ်များက အော်ဟစ်ရှုတ်ချ လှောင်ပြောင်ခြင်းခံရသလို ရုပ်မြင်သံကြားမှ ကြည့်ရှုနေခဲ့သော မန်ယူအသင်းပရိသတ်များလည်း စီရိုနယ်ဒိုအပေါ် ဒေါသအမျက်ခြောင်းခြောင်းထွက်ခဲ့ကြတော့သည်။

စိတ်သောကရောက်

စီရိုနယ်ဒိုထံသို့လည်း ခြိမ်းခြောက်စာများ ပေးပို့ခဲ့သလို အင်္ဂလန်လာပြီး မန်ယူတွင်ဆက်လက်ကစားပါက အသက်အန္တရာယ် ပေးမည့်အနေအထားမျိုးများဖြစ်လာရာ စီရိုနယ်ဒိုများစွာ စိတ်သောက ရောက်ခဲ့ရသည်။

ထို့အတူ မန်ယူကလပ်သို့လည်း ပရိသတ်များက စီရိုနယ်ဒို မန်ယူ၌ ဆက်လက်ကစားခွင့်မပြုရန်၊ တစ်သင်းတည်းသော ဘောလုံးသမားအပေါ် ကြီးမားသောပြစ်ဒဏ်ရရှိအောင် ပြုလုပ်ခဲ့သည့် စီရိုနယ်ဒိုအား မိမိတို့မလိုလားကြောင်း၊ စာများ၊ အီးလ်မေးများပေးပို့ခဲ့သလို ပရိသတ်များကိုယ်တိုင်လည်း လာရောက်တောင်းဆိုခဲ့ကြသည်။

အတားအဆီး

ထိုသတင်းများကြောင့် စီရိုနယ်ဒို စိတ်မချမ်းမမြေ့ဖြစ်ကာ အင်္ဂလန်မြေသို့ ပြန်ခြေချရန် ချီတုံချတုံဖြစ်ခဲ့ရသည်။ အင်္ဂလန်ပရိသတ်များ မိမိအပေါ်အဆိုးမြင်နေမှုအပေါ် မည်သို့မျှ ရှင်းပြခွင့်မရရှိဘဲရှိနေရာ အနာဂတ်ခရီးအတွက် အတားအဆီးများသဖွယ်ဖြစ်လာခဲ့သည်။

သို့ရာတွင် မန်ယူနည်းပြ ဖာဂူဆန်က သူ့တပည့်အား မန်ယူ၌ ဆက်လက်ကစားရန်နှင့် ဘဝတွင် ကြီးမားသောအောင်မြင်မှုများ ရရှိရန်နှင့် အင်္ဂလန်နှင့် မန်ယူပရိသတ်လက်ခံရန်မှာ သူတို့အတွက် အကောင်းဆုံးခြေစွမ်းပြပြီး ပြန်လည်ပေးဆပ်ရမည်ဟု တည့်မတ်ဆုံးမခဲ့သည်။

ဖျောင်းဖျခဲ့

ထိုသို့လုပ်ဆောင်မှသာ မိမိဘဝအောင်မြင်တိုးတက်မည်ဖြစ်သလို မန်ယူပရိသတ်လည်း မိမိအပေါ်အမြင်ရှင်းကြောင်း ဖြေရှင်းပြီးသားဖြစ်သွားမည်ဟု ဖျောင်းဖျခဲ့လေသည်။ ထိုအချိန်တွင် မန်ယူတိုက်စစ်မှူး ရွှန်နေကလည်း စီရိုနယ်ဒိုနှင့် မိမိတို့အကြား၌ ပြဿနာတစ်စုံတစ်ရာမရှိကြောင်း ထုတ်ဖော်ပြောကြားပေးခဲ့သည်။

ဖေးမသွန်သင်ပေးခဲ့

ထို့ကြောင့် ယခုနှစ်ဘောလုံးရာသီအစမှာပင် မန်ယူပရိသတ်အတွက် စီရိုနယ်ဒို အင်တိုက်အားတိုက်ကစားခဲ့သော်လည်း ပထမတွင် မန်ယူပရိသတ်၏ လှောင်ပြောင်သရော်သံများကြုံတွေ့ခဲ့ရသည်။ အချို့ပရိသတ်များက ကိုယ်ထိလက်ရောက်ပြုမူလိုသော အခြေအနေများဖြင့် ကြုံတွေ့ခဲ့ရသဖြင့် စိတ်ပိုင်းဆိုင်ရာ နာကျင်မှုဖြစ်ခဲ့ရသော်လည်း နည်းပြကြီး ဖာဂူဆန်က စီရိုနယ်ဒို၏ စိတ်ပိုင်းဆိုင်ရာ ခံစားမှုများ လျော့ပါးသွားစေရန် သားတပည့်အရင်းပမာ အနီးကပ်ဖေးမသွန်သင်ပေးခဲ့သည်။

ဖခင်ကြီးသေဆုံးရခြင်း

ထိုသို့ အင်္ဂလန်နှင့် မန်ယူပရိသတ်များ၏ အမုန်းတရားများကို ခါးသီးစွာ ရင်ဆိုင်နေရချိန်တွင် စီရိုနယ်ဒို၏ဖခင် သေဆုံးကြောင်းသတင်းရောက်ရှိလာခဲ့ပြန်သည်။ စီရိုနယ်ဒို၏ ဘောလုံးသမားဘဝကို ပေါ်တူဂီ စပို့တင်းလစ္စဘွန်းအသင်းရောက်ကတည်းက အားပေးခဲ့သော ဖခင်မှာသေဆုံးခဲ့ရသဖြင့် စီရိုနယ်ဒို၏ဘဝ၌ ရွှေတောင်ကြီးပြိုခဲ့ရခြင်းပင်ဖြစ်သည်။

အရက်အလွန်အကျွံသောက်သုံးတတ်သော ဖခင်ဖြစ်သော်လည်း ပေါ်တူဂီသို့ ပြန်ရောက်တိုင်း သားဖြစ်သူ စီရိုနယ်ဒို၏ပခုံးကိုဖက်ကာ ပျော်ရွှင်အားရနေတတ်ပြီး စီရိုနယ်ဒိုကို ပြုံးပြုံးကြီး စိုက်ကြည့်နေတတ်သော ဖခင်လည်းဖြစ်ရာ စီရိုနယ်ဒို၏ရင်မှာ ကြေကွဲဆို့နင့်ခဲ့ရလေသည်။

ဖျတ်လတ်တက်ကြွသော အပြေးအဆွဲ အလိမ်အခေါက် အတို့အထောင်တို့ဖြင့် မန်ယူအသင်းကို အဓိကပံ့ပိုးပေးခဲ့သည့် ပရိသတ်အသည်းကျော် ဒိုလေး။ (ဓာတ်ပုံ–အင်တာနက်)

AIR BAGAN LIMITED

OPPORTUNITY TO BECOME A MEMBER OF THE AIR BAGAN FAMILY VACANCY ANNOUNCEMENT FOR CABIN CREW

(Qualifications and Requirements)

- Must be Single and Myanmar National
- At least Basic Education High School Exam Passed
- University Degree considered as asset
- Age between 18 and 24 years as at 8th June, 2007
- For female, height between 5'4" and 5'8", weight to be proportionate to height
- For male, height between 5'6" and above, weight to be proportionate to height
- Able to read, write, understand and speak English language fluently, Second language is compulsory
- Positive disposition, caring attitude, smart personality,excellent verbal communications and interpersonal skills
- Mental capacity to read documents, follow instructions, learn and understand company procedures, rules and regulations.
- Able to attend 8 weeks of initial training before confirmation of employment

Interested persons may personally apply to Air Bagan Head Office not later than 8th June,2007 at 4:30 pm together with the following: Curriculum vitae, qualification papers including Basic Education High School Certificate, Criminal Clearance from police department, one recent color full-length photograph and one passport size photograph, NRC copy.

Only short-listed applicants will be notified.

Please send your application to : Air Bagan Limited, No.56, Shwe Taung Gyar Street, Bahan Township, Yangon, Myanmar.

Phone:01-513299, 513422, 504273, 514861, 513322

အသက်၂၂နှစ်အရွယ်သာရှိသေးသော စီရိုနယ်ဒိုသည် မန်ယူပရိသတ် အမြင်ကြည်လင်အောင်ကြိုးစားနေရသလို မန်ယူအသင်းအောင်မြင်မှုများရရှိရန်အတွက် နာကျင်ကြေကွဲမှုများကို အရင်းတည်ကာ အစွမ်းကုန်ကြိုးစားခဲ့သဖြင့် မန်ယူတို့နိုင်ပွဲများ တစ်ပွဲပြီးတစ်ပွဲ ဆက်ခဲ့သည်။

ထိုသို့သော အောင်မြင်မှုများရယူပေးနေချိန်တွင် စီရိုနယ်ဒို၏အစ်ကိုဖြစ်သူတစ်ဦးမှာလည်း မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်နေခဲ့ပြန်သည်။ မိသားစုဘဝ၏ ဝမ်းနည်းမှုဖြစ်ရပ်များက ဆက်တိုက်ဖြစ်ပေါ်နေရာ စီရိုနယ်ဒိုမှာ ဆက်တိုက်ဖြစ်ပေါ်လာသော ကြေကွဲစရာဖြစ်ရပ်များအား ဘောလုံးကွင်းအတွင်းအထိ သယ်ဆောင်မလာဘဲ ဘောလုံးကစားချိန်၌ စွမ်းအားပြည့် အင်တိုက်အားတိုက်ကစားခဲ့သည်။ ဘောလုံးကိုသာ စူးစူးစိုက်စိုက် အာရုံစိုက်ခဲ့သည်။

ဆောင်ကြဉ်းပေး

မန်ယူအတွက် ဘောလုံးပွဲများကစားတိုင်း ကစားဖော်ရွှန်နေအပေါ် နွေးထွေးသော ဆက်ဆံမှုအပြင် ရွှန်နေဂိုးများသွင်းယူနိုင်အောင် ဆောင်ကြဉ်းပေးနိုင်ခဲ့မှုကြောင့် မန်ယူအသင်းနိုင်ပွဲများရရှိခဲ့သလို မန်ယူပရိသတ်လည်း စီရိုနယ်ဒိုအပေါ် အမြင်ကြည်လင်စပြုလာခဲ့သည်။

မန်ယူအသင်းကစားပွဲတိုင်း ရွှန်နေနှင့် စီရိုနယ်ဒိုတို့၏ အပေးအယူမျှပုံ၊ စွမ်းစွမ်းတမံကြိုးစားအားထုတ်ပုံများကို မြင်တွေ့လာရသော မန်ယူပရိသတ်သည် စီရိုနယ်ဒိုအပေါ် အားပေးနှစ်ခြိုက် ချစ်ခင်မှုများပြန်လည်ပေးလာခဲ့သည်။ မန်ယူပရိသတ်၏ နှုတ်ဖျား၌ **'ဒိုလေး'**ဟူသော အမည်လှမ်းအောင် အော်ဟစ်အားပေးခဲ့ကြသည်။ စီရိုနယ်ဒို၏ ကြိုးစားအားထုတ်မှုများကြောင့် မန်ယူအသင်း ပရီမီယာလိဂ်ဖလားရရှိခဲ့သလို ချန်ပီယံလိဂ်၌လည်း အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သည်။ ထို့အတူ အက်ဖ်အေဖလားဗိုလ်လုပွဲသို့လည်း ပို့ဆောင်ပေးနိုင်ခဲ့သည်။

အကောင်းဆုံးဆု

စီရိုနယ်ဒိုကိုယ်တိုင်လည်း ကြေးစားဘောလုံးသမားများအဖွဲ့ချုပ်မှ ချီးမြှင့်သော အကောင်းဆုံးဘောလုံးသမားဆုနှင့် အကောင်းဆုံးလူငယ်ကစားသမားဆုတို့ ရရှိခဲ့သည့်အပြင် အားကစားကလောင်ရှင်များအဖွဲ့ချုပ်က ချီးမြှင့်သော အကောင်းဆုံးဘောလုံးသမားဆုကိုလည်း မေ ၁၇ ရက်က ရရှိခဲ့ပြန်သည်။

"ဘဝမှာ ဘယ်လိုစိန်ခေါ်မှုတွေနဲ့ ကြုံတွေ့ရပါစေ ကျွန်တော်ရင်ဆိုင်ကျော်ဖြတ်သွားမှာပါ" ဟု ၂၂နှစ်အရွယ်စီရိုနယ်ဒိုက ပြောကြားခဲ့သည်။ ယခုနှစ်သည် စီရိုနယ်ဒိုအတွက် စိန်ခေါ်မှုများပြားပြီး ဝမ်းနည်းစရာ ဘဝခံစားချက်များ၊ အခက်အခဲများနှင့် အတားအဆီးများကို မလျှော့သောဇွဲလုံ့လ၊ ကြိုးစားအားထုတ်မှုတို့ဖြင့် ကျော်ဖြတ်ခဲ့ရာ အောင်မြင်မှုပန်းတိုင်အသီးသီးကို စိုက်ထူနိုင်ခဲ့ပေပြီ။

ဆရာရင်း မန်ယူနည်းပြ ဖာဂူဆန်က **"စီရိုနယ်ဒိုဟာ မကြာမီမှာ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားတစ်ဦး ဖြစ်လာတော့မှာပါ။ သူက တကယ်ကြိုးစားတဲ့ လူငယ်တစ်ဦးပါ"** ဟု မှတ်ချက်ပြုခဲ့သည်။

လူငယ်တစ်ဦးဖြစ်သော စီရိုနယ်ဒိုသည် ဘဝမျက်နှာစာတွင် လောကဓံ အခက်အခဲများ ပြွမ်းတီးခဲ့သည့်ကြားမှ ကြံ့ကြံ့ခံနိုင်ခဲ့သူဖြစ်ပြီး ဘောလုံးပရိသတ်၏ ချစ်ခင်ထွေးပိုက်မှုကို ပြန်လည်ရနိုင်ခဲ့သူဖြစ်ရာ အားကစားသမားတစ်ယောက်၏အမုန်းမှအချစ်သို့ အဆိုးသံသရာမှ အကောင်းသို့ ပြောင်းလဲပေးနိုင်အောင် စံနမူနာပြ စွမ်းဆောင်နိုင်ခဲ့သူဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ပါသည်။ ။

(ကိုးကား–အင်တာနက်သတင်းများ)

လက်ထပ်ပြီးစီးခြင်း

နေပြည်တော်၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ မြနန်းစံရာလမ်း၊ အမှတ် C/၉၀၇ နေ (ဦးညီမောင်)-ဒေါ်လှဟန်တို့၏သား

ဦးမြင့်မောင်

နှင့်

မန္တလေးမြို့၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အမှတ် (၁၅)လမ်း၊ အမှတ် ၆၇/၁၇ မြပုဝါခြံနေ (ဦးခင်ထွန်း-ဒေါ်အုန်းကြည်)တို့၏သမီး

ဒေါ်အေးအေးထွန်း

တို့သည်

တရားရုံးချုပ်(မန္တလေး)၌ ၁၈-၅-၂၀၀၇ ရက်နေ့တွင် လက်ထပ်ပြီးစီးပါကြောင်း။

လက်ထပ်ပြီးစီးခြင်း

ကျွန်တော် အောင်ကိုကိုသိမ့် (MDYNW-031288)နှင့် ကျွန်မ သန္တာအုန်း (PBDN-006649) တို့သည် ၂၀၀၇ ခုနှစ် မေ ၁၈ ရက်တွင် ကမာရွတ်မြို့နယ်တရားရုံး၌ ကတိသစ္စာပြု၍ လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။

အောင်ကိုကိုသိမ့်-သန္တာအုန်း။

ခိုင်ချောင်းသာ မှ ကြိုဆိုပါသည်။

ခေတ်မီသူတိုင်း ပင်လယ်ကမ်းခြေသာယာမှုကို ခံစားတတ်ကြသည်။
ချောင်းသာကမ်းခြေသည် မိုးဥတုတွင်လည်း စိတ်ဝင်စားဖွယ်ကောင်းပါသည်။

ခိုင်ချောင်းသာ

မိုးရာသီအထူးနှုန်း ၄၀ ရာခိုင်နှုန်းလျှော့မည်။
(မေလ၁၅ရက်မှ ဩဂုတ်လ ၃၁ရက်အထိ)

ရန်ကုန် ဖုန်း - ၂၂၆၆၂၈၊ ၂၂၆၆၂၉။
ချောင်းသာ ဖုန်း-၀၄၂-၄၂၁၁၇၊ ၀၉-၅၂၀၀၆၀၆။
အမှတ် ၁၁၆/၈၊ ပထမထပ်၊ ၁၅လမ်း၊ လမ်းမတော်မြို့နယ်။

ဖခင်အမည်မှန်

အထက(၁) နေပြည်တော်မှ န၀မတန်း (ခ)တွင် ပညာသင်ကြားလျက်ရှိသော မောင်မျိုးအောင်မိုင်၏ ဖခင်အမည်မှန်မှာ ဦးတင်မျိုးခိုင်ဖြစ်ပါကြောင်း။ **၅/မမတ(နိုင်)၀၀၇၁၆၇**
ဦးတင်မျိုးခိုင်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ မှတ်ပုံတင်၉/မကန(နိုင်) ၀၂၆၁၃၉ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်ပို့ပေးပါရန်။
ဦးသာဒွန်း
ဖုန်း-၀၁-၅၅၄၅၃၄။

ကျေးဇူးဆပ်ပါမည်

ခ/၇၂၉၂ နှင့် ပတ်သက်သော စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။
ဖုန်း-၀၁-၅၇၀၃၄၃၊
၀၉-၅၁၈၃၂၁၆၊ ၀၁-၅၆၃၇၀၀။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်အုန်းကျော် နိုင်ငံကူး လက်မှတ် No-829416 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၁-၆၆၄၄၀၉ကို ဆက်သွယ်ပေးပါ။

KMD (ဆိပ်ကမ်းသာ) Since 1986

အခြေခံမှစ၍ နိုင်ငံတကာအဆင့်ထိ ကွန်ပျူတာပညာရပ်များ သင်ကြားတတ်မြောက်လိုလျှင် KMD နှင့်ဆက်သွယ်ပါ။

:: i-Office :: Graphics Design :: Desktop Publishing :: Email & Web Design :: Practical A+
:: AutoCAD :: Programming (C, C++, Java, VB.net, ASP, MS Access, Excel)
:: LCCI Computerised Accounting :: Special Effect :: Accpac Plus

၅၅-၅၇၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၃၉၁၂၈၆/၃၉၁၂၈၇

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ လက်ဆွဲကွန်ပျူတာ Toshiba အမျိုးအစား အနက်ရောင်တစ်လုံး Panda Hotel ရှေ့ Taxi အနက်ရောင်တစ်စီးပေါ်တွင် ၁၆-၅-၂၀၀၇ရက် ည ၉ နာရီခန့်တွင် ကျန်ခဲ့ပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ ကျေးဇူးဆပ်ပါမည်။
ဆန်ဒေါင်းဒေးဗစ်
တိုက် ၁၁၊ အခန်း၇၊ မြကန်သာအိမ်ရာ၊ (၂)ရပ်ကွက်၊ကမာရွတ်။ဖုန်း-၅၀၃၇၅၆။

ရောင်းမည်

သု၀ဏ္ဏ၊ VIP ရှိ ခေတ်မီစွာ ဆောက်ထားသော နှစ်ထပ် RC တိုက်သစ်တစ်လုံး၊ ဘုရားခန်းတစ်ခန်း၊ ဧည့်ခန်းနှစ်ခန်း၊ စာကြည့်ခန်းတစ်ခန်း၊ အိမ်သာနှင့်တွဲလျက် MBR လေးခန်း၊ အိမ်သာတွဲလျက် BR တစ်ခန်း၊ ထမင်းစာခန်းနှစ်ခန်း၊ မီးဖိုနှစ်ခန်း (အိမ်သာနှင့်တွဲလျက် မီးဖိုတစ်ခန်း)၊ ကားနှစ်စီးဆံ့ ကားရုံ၊ အဝီစိတွင်းပါ၊ မြေ ၀ဒသမ ၁၁ ဧက၊ ကြိုးဖုန်းပါ။ **(ညှိနှိုင်းဈေး)**
ဆက်သွယ်ရန်ဖုန်း-၀၉၅၁၇၄၇၅၆။

ကျေးဇူးဆပ်ပါမည်
ကျွန်တော်မောင်မြင့်ဆွေ၏ မှတ်ပုံတင်ကတ် ၈/မထန(နိုင်) ၀၉၆၉၅၀နှင့် နိုင်ငံကူးလက်မှတ် အမှတ်-၉၅၈၈၁၀၉ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါ။ ဂမိုင်၊ ပေါက်စေတီကျောင်း၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း-၆၆၀၁၄၈။

သချ်ာကျော်ရှိန် ၏ အငယ်တန်းသချ်ာနှင့်အင်္ဂလိပ်စာ

ပညာကျော်နှင့်မဟာကျော်နည်းပြ

ဇွန် ပုံမှန် သင်တန်းနှင့် **U.D.E** သင်တန်းများ
3-6-2007 စမည်။ ☎ **0999-29623**

အမှတ်၁ရ၀-ပထပ်၊ ဆိပ်ကမ်းသာလမ်း(လယ်)၊ရန်ကုန်မြို့။

သင်သွေးပြင့် အသက်ကယ်ပါ

ဈေးသက်သာရင်မြဲကျယ်ဝန်းကျယ်နဲ့ နေချင်သူများအတွက်

မြောက်ဒဂုံစီမံကိန်းအိမ်ရာ၊ (ပေ၁၀၀× ပေ၁၀၀)ကျယ်သော နှစ်(၆၀)ဂရန်မြေ၊ ပေ၅၀၀အဝီစိတွင်း၊ အိမ်သုံးမီတာ၊ PABX လိုင်းခွဲဖုန်း၊ အုတ်တံတိုင်း(၇)ပေအမြင့်၊ ဘလိတ်ခံအဆူးကြိုး ၂ပေအမြင့်၊ သံပန်းဂိတ်တံခါးကြီး၊ အုတ်ကန်၊ ရေစက်နှင့်စက်အိမ်၊ (၁၅)ပေပတ်လည် သွပ်မိုးသစ်သားအိမ်၊ မြေဖို့ပြီး၊ အိမ်ရှေ့ထိကွန်ကရစ် လမ်းခင်းပြီး၊ သီးပင်စားပင်များပါဝင်။

ရောင်းဈေး-သိန်းနှစ်ရာ့ခြောက်ဆယ် **ဖုန်း- ၅၇၉၁၉၁၊ ၃၇၂၆၆၀။**

လက်ခံယူ

ဩစတြေးလျနိုင်ငံနေ ဦးမြတ်သူ မိသားစုက ဗဟန်းမြို့နယ် နိဗ္ဗိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေ ပဒေသာပင် အလှူငွေ ကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။
(က-ပ)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် လှူဒါန်းပွဲကျင်းပမည်

ရန်ကုန် မေ ၁၈

ရန်ကုန်တိုင်းအတွင်း ဖွင့်လှစ်ပြီးဖြစ်သော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အဆောက်အအုံ၊ ငွေပဒေသာပင် စာအုပ်စာစောင်များနှင့် လူထုဆက်သွယ်ရေးပစ္စည်းများ လှူဒါန်းခြင်း အခမ်းအနားကို မေ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

နိုင်ငံတစ်ဝန်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၅၅၇၁၇ တိုက်ကိုဖွင့်လှစ်ထားရှိပြီး ဖြစ်သည်။ အဆိုပါစာကြည့်တိုက်များအတွက် စေတနာရှင်များက လှူဒါန်းလိုသော စာအုပ်စာစောင် ဂျာနယ်မဂ္ဂဇင်းများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အမှတ် ၂၂၊၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၄၂၇၀သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း လေးစားစွာဖိတ်ခေါ်အပ်ပါသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ကိုယ်အလေးချိန်များပြီး အဝလွန်အမျိုးသမီးများ တစ်နေ့ ၁၀ မိနစ်ခန့် လေ့ကျင့်ခန်းပြုလုပ်သင့်

ဝါရှင်တန် မေ ၁၈

တစ်နေ့လျှင် ၁၀မိနစ်ခန့် လေ့ကျင့်ခန်းပြုလုပ်ပေးပါက အဝလွန်သော အမျိုးသမီးများအတွက် ကျန်းမာရေး အထောက်အကူပေးနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များ၏ အစီရင်ခံစာတစ်ရပ်၌ ဖော်ပြထားသည်။

ဖော်ပြ

ကိုယ်အလေးချိန်များသော အမျိုးသမီးများနှင့် အဝလွန်သော အမျိုးသမီးအများအပြားကိုစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာတွင် ၎င်းတို့၌ သွေးပေါင်ချိန်များနေတတ်ကြကြောင်း၊ လေ့ကျင့်ခန်းလုံးဝမပြုလုပ်သည့် အမျိုးသမီးအရေအတွက်များကြောင်း ၎င်းအစီရင်ခံစာ၌ ဖော်ပြထားသည်။

အဆိုပါအမျိုးသမီးများအနေဖြင့် သီတင်းတစ်ပတ်လျှင် မိနစ် ၁၅၀ခန့် လေ့ကျင့်ခန်းပြုလုပ်ပေးရန်လိုအပ်ကြောင်း **(သို့မဟုတ်)** အနည်းဆုံး သီတင်းတစ်ပတ်လျှင် ၇၅မိနစ်ခန့် လေ့ကျင့်ခန်းပြုလုပ်သင့်ကြောင်းလည်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

ပြုလုပ်နိုင်

ထိုသို့ လေ့ကျင့်ခန်းပြုလုပ်ရာတွင် နေအိမ်အတွင်း အိမ်မှုကိစ္စများ လှုပ်လှုပ်ရှားရှားလုပ်ကိုင်ခြင်း အပါအဝင် ရေကူးခြင်း၊ ပန်းခြံအတွင်း ကလေးငယ်များနှင့်အတူ အပန်းဖြေကစားခြင်းများ ပြုလုပ်နိုင်ကြောင်းဖြင့်လည်း ၎င်းတို့က ပြောကြားသည်။

ထို့ကြောင့် ကျန်းမာရေးကောင်းပြီး အချိန်မတိုင်မီ သေဆုံးခြင်း မဖြစ်စေရန် အဝလွန်အမျိုးသမီးများ လေ့ကျင့်ခန်း နေ့စဉ်ပြုလုပ်သင့်ကြောင်း ၎င်းတို့က အကြံပြုထားသည်။

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

အိန္ဒိယတောင်ပိုင်း ဟိုက်ဒရာဘတ်၌ ဗုံးကွဲ၊ ၁၃ဦးသေဆုံး

ဟိုက်ဒရာဘတ် မေ ၁၈

အိန္ဒိယနိုင်ငံတောင်ပိုင်း ဟိုက်ဒရာဘတ်မြို့၌ မေ ၁၈ ရက်က ဗုံးပေါက်ကွဲခဲ့ရာ အနည်းဆုံး လူ၁၃ဦး သေဆုံးသွားကြောင်း အာဏာပိုင်များက ပြောကြားသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် ဒါဇင်ပေါင်းများစွာသော ပြည်သူများ ဒဏ်ရာရရှိခဲ့ကြောင်း၊

ယင်းဗုံးမှာ မက္ကာမက်ဂျစ် အမည်ရှိ ရှေးဟောင်း အဆောက်အအုံ တစ်ခု၏အဝင်ဝ၌ ပေါက်ကွဲခဲ့ခြင်း ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး ရှီရာပါတေးက ပြောကြားသည်။

ယင်းဗုံးပေါက်ကွဲပြီးနောက် မပေါက်ကွဲသေးသော ဗုံးနှစ်လုံးကိုလည်း ၎င်းအဆောက်အအုံ အနီး၌ ရဲအဖွဲ့က တွေ့ရှိခဲ့သည်ဟုဆိုသည်။

မန္တလေးတိုင်းရှိ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင်သုံးထပ် ကျောင်းတော်ကြီး(ဗုဒ္ဓဘာသာ ပညာရေးဗိမာန်တော်ကြီး)အတွက် ရန်ကုန်မြို့ အဆင့်မြင့် မင်္ဂလာဈေး အမှတ်(၃၁၈)မြေညီထပ် ကျောင်းအလှူရှင် ဖခင် ဦးတင်သိန်းအားရည်စူး၍ ဒေါ်တင်တင်ရှိန်မိသားစုက အလှူငွေကျပ်နှစ်သိန်းကို လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဥက္ကဋ္ဌဆရာတော် အရှင်ရာဇိန္ဒ(နာလန္ဒာ)က ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

အရန်သားဖွားသင်တန်း မိတ္ထီလာ၌ဖွင့်

မိတ္ထီလာ မေ ၁၅

မန္တလေးတိုင်း မိတ္ထီလာခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်သည့် အရန်သားဖွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ၂ရက် နံနက် ၉နာရီခွဲက မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချိုချိုသိန်းနှင့်အဖွဲ့ဝင်များ၊ မိတ္ထီလာ၊ မလှိုင်၊ သာစည်နှင့် ဝမ်းတွင်း မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မိတ္ထီလာ အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန့်နှင့် အထူးကုဆရာဝန်များ၊ ဖိတ်ကြားထားသည့် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုသိန်းက အဖွင့်အမှာစကားပြောကြားပြီး **(အောက်ပုံ)** ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန့်က သင်တန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ဖွင့်လှစ်ပို့ချ

အဆိုပါ သင်တန်းသို့ မိတ္ထီလာခရိုင်အတွင်းရှိ မြို့နယ်များမှ သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၂ရက်မှ နိုဝင်ဘာ ၂ရက်အထိ ဖွင့်လှစ်ပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သာကေတမြို့နယ် ရောဝဏ်လမ်း မင်းနန္ဒာအိမ်ရာ အမှတ်(၅)နေ ဦးဇော်ဝင်း-ဒေါ်မြသူဇာ(အကောက်ခွန်)၊ သမီး မမြပွင့်ဖြူ-မောင်ဇော်မင်းအောင်၊ သား မောင်နေထက်ဇော်ဝင်းမိသားစုတို့က ဒေါ်မြသူဇာမွေးနေ့ ကောင်းမှုအဖြစ် ကြေးပိဋကတ်တော်သုံးချပ်အတွက် အလှူငွေကျပ် ၇၅၀၀၀ကို လှူဒါန်းရာ ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေးအဖွဲ့ ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)က ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်တော်မူစဉ်။ (က-ပ)

နွေရာသီ အခြေခံယဉ်ကျေးမှု သင်တန်းဖွင့် အလှူငွေများပေးအပ်ပွဲ တောင်ငူ၌ကျင်းပ

တောင်ငူ မေ ၇

ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ကြီးမှူးဖွင့်လှစ်သည့် ၂၀၀၇ ခုနှစ် နွေရာသီအခြေခံ ယဉ်ကျေးမှု သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၃ ရက် နံနက် ၉ နာရီက တောင်ငူမြို့ အခြေခံပညာ အထက်တန်းကျောင်း နတ်သျှင်နောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ပဲခူးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စဝ်နွမ်းခွန်ဆမ် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်သော သင်တန်းသား ၃၀၀ အတွက် အလှူရှင်ကိုးဦးတို့က ငွေကျပ် ၄၅၀၀၀၀ကို ပေးအပ်လှူဒါန်းရာ ဓမ္မဒါန အလှူငွေအဖြစ် တာဝန်ရှိသူများက လက်ခံယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မေ ၁၄ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ် (၃၅) စံပြရပ်ကွက်အတွင်း အမှိုက်များ ပိတ်ဆို့နေသည့် ရေနုတ်မြောင်းများကို ရပ်ကွက်အတွင်းရှိ ပြည်သူများက ကိုယ့်အားကိုယ်ကိုး စနစ်ဖြင့် စက်ယန္တရားများ အသုံးပြုကာ ဗိုလ်မင်းရောင် လမ်းမကြီးနှင့် ပင်လုံလမ်းမကြီး တစ်လျှောက်ရှိ ရေနုတ်မြောင်းများကို စုပေါင်းဆောင်ရွက်ကြစဉ်။

(က-ပ)

လုပ်ငန်းဆိုင်ရာညှိနှိုင်းအစည်းအဝေး သီပေါ၌ကျင်းပ

သီပေါ မေ ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့်ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီဝင်များနှင့် ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို မေ ၇ရက် နံနက် ၁၀နာရီက မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်း

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်က အမှာစကား ပြောကြားပြီး ဌာနဆိုင်ရာများ၊ စိုက်/ကြပ်ကော်မတီဝင်များနှင့် ကျေးရွာ၊ ရပ်ကွက်ဥက္ကဋ္ဌများ၏ တင်ပြချက်များကို မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်က ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကို ဧပြီ ၃၀ရက်က အင်ဂျင်နီယာများလိုက်ပါလျက် ရမည်းသင်းမြို့နှင့် ကန်ကြီးကျေးရွာ ဆက်သွယ်ထားသည့် ကျေးလက်လမ်းဘေးဝဲယာ သန့်ရှင်းရေး ဆောင်ရွက်မှုကို ကြပ်မတ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

ပေါင်မြို့နယ် ဘိုးရာဇာ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် သုတ၊ ရသစာအုပ်မျိုးစုံနှင့် ရေဒီယိုများပေးအပ်လှူဒါန်း

ပေါင် မေ ၁၂

ပေါင်မြို့နယ် ကျုံဟော်ကျေးရွာ ဘိုးရာဇာ စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မေ၃ရက် နံနက် ၁၁နာရီက အဆိုပါ စာကြည့်တိုက်အဆောက်အအုံ ရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

အခမ်းအနားတွင် ကျုံဟော်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းဦးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

လှူဒါန်း

အဆိုပါ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ကျေးရွာမှ ပြည်သူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ၊ ရသစာအုပ်မျိုးစုံ အုပ် ၅၀ နှင့် စေတနာရှင် ဦးသိန်းနိုင်က ဒီဂျစ်တယ်ရေဒီယိုတစ်လုံးတို့ကို ပေးအပ်လှူဒါန်းခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ် သတင်းများ

ကလေးမြို့နယ် အခြေခံပညာမူလတန်းဆင့် ဘာသာပြ ဆရာ၊ဆရာမများ ဆင့်ပွားသင်တန်းဖွင့်

ကလေး မေ ၈

စစ်ကိုင်းတိုင်း ကလေးမြို့နယ် အခြေခံပညာ မူလတန်းဆင့်သင် ဘာသာပြဆရာ၊ ဆရာမများ မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၃ ရက် နံနက် ၈နာရီခွဲက ကလေးမြို့နယ်အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ) အမက(၉)တွင် ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုလတ်က အဖွင့် အမှာစကား ပြောကြားပြီး ခရိုင် ပညာရေးမှူး ဦးသန်းအောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

အဆိုပါ သင်တန်းသို့ မြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းများမှ ဘာသာပြဆရာ၊ ဆရာမ ၁၆၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မန္တလေးရှိ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင်သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေး ဗိမာန်တော်ကြီး)အတွက် ရန်ကုန်မြို့ အဆင့်မြင့် မင်္ဂလာဈေး အမှတ်(၂၁၉) မြေညီထပ် ကျောင်းအလှူရှင် ကိုမင်းကျော်သိန်း-မိအေးမော် (ရတနာဝင်းအထည်ဆိုင်)က အလှူငွေကျပ်တစ်သိန်းကို လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒ(နာလန္ဒာ)က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

လှိုင်ဘွားဆရာမသင်တန်း မြင်းခြံ၌ဖွင့်

အရန်သားဖွားဆရာမသင်တန်း မြင်းခြံ၌ဖွင့် မိခင်/ ကလေး ကျန်းမာရေး ဆက်စပ်မှုရှင်းလင်း

မြင်းခြံ မေ ၁၂

မြင်းခြံခရိုင် ကျန်းမာရေး ဦးစီး ဌာနနှင့် မြင်းခြံ ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် ဒုတိယအကြိမ် အရန်သားဖွားဆရာမသင်တန်း ဖွင့်ပွဲ အခမ်းအနားကို မေ ၂ရက် နံနက် ၁၀နာရီက မြင်းခြံခရိုင်ပြည်သူ့ဆေးရုံကြီးရှိ အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှမိုး၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဌေးဌေးတို့က အဖွင့်အမှာ စကား ပြောကြားကြသည်။ ဆက်လက်၍ ခရိုင် ကျန်းမာရေး ဦးစီး ဌာနမှူး ဒေါက်တာဒေါ်လှဲလှဲမှုသိဏ်းက မိခင်နှင့် ကလေး ကျန်းမာရေး လုပ်ငန်းများ ဆက်စပ်ခြင်း အကြောင်းကို ရှင်းလင်းတင် ပြသည်။ (၄၀၂)

လူငယ်ရေးရာလုပ်ရှားမှု ကြွခိုင်ရေးသင်တန်းဖွင့်

မိတ္ထီလာ မေ ၁၅

မိတ္ထီလာခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ကြီးမှူးဖွင့်လှစ်သည့် လူငယ်ရေးရာ စဉ်တိုက်လှုပ်ရှားမှု (ခါနွေဦးကာလ) ဒေသအဆင့် ကြံ့ခိုင်ရေးသင်တန်းဖွင့်ပွဲကို မေ ၂ရက် နံနက် ၉နာရီက မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်ဌေးနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းတို့က အဖွင့်အမှာစကားပြောကြားကြပြီး မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် လူငယ်ရေးရာတာဝန်ခံ ဦးတင်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ မိတ္ထီလာခရိုင်အတွင်းရှိ မြို့နယ်များမှ သင်တန်းသား၊ သင်တန်းသူ ၁၅၀တက်ရောက်ကြပြီး သင်တန်းကို မေ ၂ရက်မှ ၁၂ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရန်ကုန်တိုင်း အင်းစိန် မြို့နယ် ရွာမအရှေ့ ကုန်းမြင့်သာယာလမ်းအမှတ် (၉၅၁-ဘီ) နေ ဒေါက်တာခင်မောင်အေး-ဒေါက်တာခင်သန်းတင်၊ သား မောင်သန်း ထိုက်ကျော် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက

တိုးချဲ့ ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၀သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန)အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်မြို့ ကမ္ဘာအေး ကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ရှိ စာချ၊ စာသင် သံဃာတော်များအား ကြံခင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ် ဥပဋ္ဌာကအဖွဲ့တို့ ဦးဆောင်ပြီး မေ၁၅ ရက်က မိုးကုတ် ဆွမ်းစားကျောင်း၌ တစ်နေ့တာ ဆွမ်းကပ်၍ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
နယုန်လဆန်း ၅ ရက်
၂၀-၅-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၀၇း၀၀	တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မေတ္တသုတ်နှင့် ခန္ဓသုတ်)

နေ့လယ်ပိုင်း

၁၀း၀၀	သုတစုံစွာသိမှတ်စရာ (တီဘီအဆုတ်ရောဂါကာကွယ်ရေးအကြောင်း-သိပ္ပံမှူးတင်)
၁၁း၁၅	စက်မှုစွမ်းအား ခေတ်ကျော်လွှား (ကျောက်ဆည်စက်မှုနယ်မြေမှ ပလတ်စတစ်စက်ရုံ)
၁၁း၃၀	မေတို့တွက်တာ အလှကမ္ဘာ (အရောင်အသွေးစုံလင်စွာ ချည်သားအစစ်ပေါ်မှာ)
၁၁း၄၅	ခံစားနားဆင်မြန်မာတေးသံစဉ် (၁) အညာကသူငယ်ချင်း (ကိုကျော်ညွန့်) (၂) အရုပ်ဆိုးမ (ခိုင်ဝါ) (၃) ရုပ်သေးမင်းသမီးလေး (မောင်မျိုးတင့်)
၁၂း၀၀	ကလေးများအတွက် တေးသီချင်းများ
၁၂း၃၀	ဇာတ်လမ်းပမာနားဆင်စရာ (ကြက်သားဟင်းတစ်ခွက်)
၁၃း၁၀	ယဉ်ကျေးမှုအနုပညာ (မေတ္တာပို့သီချင်းကြီးများ-ဒေါ်စောမုံညင်း)

ညနေပိုင်း

၁၆း၁၀	နေ့စဉ်သုံးအီဒီယမ်
၁၇း၀၀	ဟာဒယရွှင်ဆေး (လူရွှင်တော် ဆန်နီနှင့်အဖွဲ့)
၁၇း၁၅	မြန်မာ့မူဟန် ဇာတိမာန် ဟောပြောချက် (မြန်မာ့မူဟန် သျှိုးလိုက်ရတုတေးသံ) (ညွှန့်ဟံ-ကြူတော)
၁၇း၃၀	တေးသံရှင်အကြိုက် (ခင်နန်းယုထွေး)
၁၈း၂၅	နိုင်ငံ့စီးပွား ကျေးလက်ထုတ်ကုန်များ (ပဲခူးခရိုင် ဝေါမြို့က ဆန်စပါးနှင့် ပဲမျိုးစုံ ဖြန့်ဖြူးရောင်းဝယ်ရေး)
၁၉း၁၅	အနုပညာရှင်များနှင့် ဆွေးနွေးခန်း (မင်းမော်ကွန်း)
၂၀း၃၀	အင်္ဂလိပ်စကားပြောသင်ခန်းစာ (ဒေါ်နှင်းရည်)
၂၀း၄၀	ခံစားနားဆင် မြန်မာတေးသံစဉ် (၁) အသည်းလေး အနားပေးဦးမယ် (တင်အောင်လေး) (၂) ချစ်တယ်ဆိုတဲ့ မောင့်စကားတစ်ခွန်း (ရီရီသန့်) (၃) တဝဲဝဲလည် (ညွှန့်ဝင်း)

ကြည့်ရှုစစ်ဆေး

မကွေးမြို့ဘိုကုန်း ကျေးရွာတွင် လေးလက်မစက်ရေတွင်း တူးဖော်ပြီးစီး၍ ရေမှုတ်သန့်စင်မှုကို မေ ၁ရက်က အမှုဆောင်အရာရှိ ဦးဇော်ဝင်းနှင့် လက်ထောက်အင်ဂျင်နီယာဦးထွန်းနိုင်တို့ ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်း လမ်းလယ်ကျွန်းပေါင်း ၁၆၉ကျွန်း၊ အရှည် ကိုးမိုင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်မှုကို မေ ၈ရက်က စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးတင်ချို့က ရှင်းလင်းပြသစဉ်။

(ပြည်နယ်စည်ပင်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender)များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender) များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။
တင်ဒါအမှတ်-၁၆/မမ/မှ ၁၈/မမ/ပြည်တွင်း/ (2007-2008)

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါပိတ်မည့်နေ့
၁။	သွပ်ပြား ၇' × ၃' × ၉ လိုင်း(၃၀)ဂိတ်	32000 Sht	30.5.07 (12:00) နာရီ
၂။	ပြောင်သွပ် ၈' × ၃'	2000 Sht	30.5.07 (12:00) နာရီ
၃။	တွဲအရန်ပစ္စည်းများ	1 Lot	19.6.07 (12:00) နာရီ
၄။	Cloth Cut Pieces (ဖြတ်စညှပ်စသစ်)	50000 Lbs	19.6.07 (12:00) နာရီ
၅။	Calcium Carbide	25 MT	19.6.07 (12:00) နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၇.၅.၂၀၀၇) ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့
☎-၂၉၁၉၈၂၊ ၂၉၁၉၉၄၊ (၂၀၁၅၅-လိုင်းခွဲ-၆၀၁၊၆၁၃)

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၄ ခုနှစ် တရားမဇာရီမှုအမှတ်-၂၂၃ (အမ်)

မြန်မာ့စီးပွားရေးဘဏ် ဝမ်းတွင်းမြို့။	**နှင့်**	၁။ ဦးကျော်အုန်း ၂။ ဒေါ်ရှင်
တရားနိုင်		**တရားရှုံး**

၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ် ၄၁၄ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၇ ခုနှစ် ဇွန် ၂၂ ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် ပထမဝါဆိုလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့ အမှတ် (၁)ရပ်ကွက် ကွင်းအမှတ်(၁၅၈၂/၂၁၀၉) ဦးပိုင်အမှတ် (၄/၆) မြေကွက်အမှတ် (၁၄/၅၄၈) ဧရိယာ ၀ ဒသမ ၀၈ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ (၂၇ x၁၀)ပေ သွပ်မိုး နံကပ် နှစ်ထပ်တိုက် (၃၃ x ၁၉)ပေ သွပ်မိုး ထရံကာ စက်ရုံအဆောက်အအုံများ။

လေလံကြမ်းခင်းဈေးကျပ် ၉၈ သိန်း။
ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင်မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင် ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် မေ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

သက်စိုးအောင်
တွဲဖက်တိုင်းတရားသူကြီး(၇)
မန္တလေးတိုင်းတရားရုံး။

ဗေဒင်ဟောခန်းဖွင့်လှစ်ခြင်း

အာကာသနက္ခတ္တဗေဒ ကျွမ်းကျင်ပညာရှင်
ခေတ္တရာဆရာကျော်
အမှတ် ၁၄၃၂၊ ဂန္ဓမာလမ်း၊ ၄၁ရပ်ကွက် (မြောက်ဒဂုံ)။
အမှတ် ၄၉၊ (၇)လွှာ၊ ဗိုလ်စိန်မှန်လမ်း၊ ဗဟန်းမြို့နယ်။
ဆက်သွယ်ရန်ဖုန်း-၅၈၄၆၄၂၊ ၅၅၆၇၉၄။ ကြိုတင်စာရင်းပေးပါ။

အမည်ပြောင်း

အထက (၅) နေပြည်တော် သတ္တမတန်း(A)မှ အဖ ဦးမောင်ဝင်း၏သား မောင်ညီညီမောင်ဝင်း(ခ) မောင်ခိုင်ဉာဏ်လင်းထက်အား ယနေ့မှစ၍ မောင်ပိုင်ဉာဏ်လင်းထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ပိုင်ဉာဏ်လင်းထက်။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဘ/၇၃၈ နီဆန်း ကယ်ရီယာ 4W73 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ငွေ မှတ်ပုံတင်အမှတ် ၁/မညန(နိုင်) ၀၂၃၇၀၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။**

လယ်ဝေးမြို့နယ် သစ်ပုတ်ပင် ချောင်းကူးတံတားနှင့် ဆက်သွယ်ရေးအိတ်ချိန်းရုံးခွဲဖွင့်လှစ်

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်အမှာစကားပြောကြား

ဒေသနေပြည်သူများ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအတွက် သွားလာဆက်သွယ်မှုလွယ်ကူ

နေပြည်တော် မေ ၁၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံတော်မှ ဆောင်ရွက်နေသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို နိုင်ငံတော်အစိုးရ၊ ပြည်သူတို့နှင့်အတူ လက်တွဲ၍ ဆောင်ရွက်လျက်ရှိရာ တစ်ခုအပါအဝင်ဖြစ်သော မန္တလေးတိုင်း ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် သစ်ပုတ်ပင်ကျေးရွာ ကျေးလက်ဖွံ့ဖြိုးရေး ချောင်းကူးတံတားနှင့် ဆက်သွယ်ရေးအိတ်ချိန်းရုံးခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ သစ်ပုတ်ပင်ကျေးရွာ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူးများဖြစ်ကြသော ဝန်ကြီး ဦးအောင်သောင်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊

စာမျက်နှာ ၈ ကော်လံ ၁ ●

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့ သစ်ပုတ်ပင်ကျေးရွာ ဆက်သွယ်ရေးအိတ်ချိန်းရုံးခွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် လယ်ဝေးမြို့နယ် သစ်ပုတ်ပင်ကျေးရွာ ကျေးလက်ဖွံ့ဖြိုးရေး ချောင်းကူးတံတားနှင့် ဆက်သွယ်ရေးအိတ်ချိန်းရုံးခွဲဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်

(၁၈–၅–၂၀၀၇)

မိုးကုတ်မြို့	၂ ဒသမ ၁၃ လက်မ
မင်းကင်းမြို့	၂ ဒသမ ၀၅ လက်မ
သထုံမြို့	၁ ဒသမ ၉၇ လက်မ
မောင်တောမြို့	၁ ဒသမ ၆၅ လက်မ

မြင်းမူမြို့ မိုးရေချိန်စံချိန်သစ်တင်

နေပြည်တော် မေ ၁၈

ယနေ့မြန်မာစံတော်ချိန် နံနက် ၉နာရီခွဲတွင် မြင်းမူမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၈၈မီလီမီတာ (၃ဒသမ၄၆ လက်မ) သည် ယင်းမြို့၏ လွန်ခဲ့သောနှစ်ပေါင်း ၂၄နှစ်အတွင်း မေလအတွက် အများဆုံးတိုင်းထွာရရှိခဲ့သော ၂၄နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်သည်။ ယခင် စံချိန်ဟောင်းမှာ ၈၃မီလီမီတာ (၃ဒသမ၂၇လက်မ) ဖြစ်ပြီး ၂၀၀၃ခုနှစ် မေလ ၂၀ ရက်တွင် ရှာသွန်းခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။ (သတင်းစဉ်)

NLD ပါတီ၏ နိုင်ငံနှင့်လူမျိုး အကျိုးမပြုသော လုပ်ရပ်များစိတ်ပျက်လာ အတွေ့အကြုံနည်းပါးပြီး အရည်အချင်းမရှိသောပါတီနှင့် ပါတီခေါင်းဆောင်များအပေါ်ယုံကြည်မှုမရှိ တောင်ငူမြို့နယ်မှ ပါတီဝင် ၇၂ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၁၈

ပဲခူးတိုင်း တောင်ငူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ကမ်းနီကျေးရွာအုပ်စုမှ ဒေါ်မြညွန့်၊ ဦးထွန်းလှနှင့် ဦးမောင်စိန်တို့ အပါအဝင် ပါတီဝင် ၇၂ဦးသည် မေ ၁၃ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

တောင်ငူမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီ၏ နိုင်ငံနှင့် လူမျိုးအတွက် အကျိုးမပြုသောလုပ်ရပ်များကို စိတ်ပျက်လာကြောင်း၊ အတွေ့အကြုံနည်းပါးပြီး အရည်အချင်းမရှိသော ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိတော့ကြောင်း၊ ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်ရန် ဆန္ဒမရှိတော့သဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**